AlmightyAlmighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

{မြင့်မြတ်နယ်မြေ}

Book.51(891-908) ငရဲပင်လယ်

၈၉၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၉၁ - ငါ့ကို အနိုင်ကျင့်ဖို့

လွယ်တယ်ထင်နေသလား

အဘိုးအိုသည် ခဏမျှ တုံ့ဆိုင်းသွားသည်။

သို့သော်၊ "ငါက

အဆင့်လွန်စွမ်းအင်ကျောက်တုံး ၂၁၀၀

ပေးမယ်!"

ယန်ယဲ့ နှင့် အဘိုးအို တို့လည်း
စကားသံထွက်လာသည့် ဆီသို့
လှမ်းကြည့်လိုက်ရာ လူလတ်ပိုင်းအရွယ်
အမျိုးသားတစ်ဦး ဖြည်းညှင်းစွာ
လျှောက်လာသည်ကို တွေ့လိုက်ရသည်။

ဤလူလတ်ပိုင်းက မြို့တံခါးတွင် သူတို့အဖွဲ့နှင့်
ပြဿနာတက်ခဲ့သူဖြစ်ကြောင်း
မြင်လိုက်ချိန်မှာ ယန်ယဲ့က အနည်းငယ်
မျက်မှောင်ကြုတ်သွားခဲ့သည်။

သို့သော် သူ့အကြည့်ကို ပြန်ရုပ်ကာ "၂၅၀၀!"

အဘိုးအိုသည် အလွန်ဝမ်းသာသွားသည်။
လူလတ်ပိုင်းအရွယ်က “၃၀၀၀!
သူစကားပြောနေစဉ်မှာပင် ယန်ယဲ့ကိုကို
ရည်ရွယ်ချက်ရှိရှိ စိုက်ကြည့်နေသည်။

ယန်ယဲ့က လှည့်ကြည့်လိုက်ပြီး
လူလတ်ပိုင်းအရွယ်ကို ဒေါသတကြီး
စိုက်ကြည့်ကာ  "၅၀၀၀ ပေးမယ်!"

လူလတ်ပိုင်းအရွယ်က အေးစက်စွာ အော်ကာ “၆၀၀၀!” ဟုပြောသည်။

"၇၀၀၀!" ယန်ယဲ့ သည် လူလတ်ပိုင်းအရွယ် အမျိုးသားကို စိုက်ကြည့်နေရင်း မျက်နှာနီမြန်းသွားပြီး သူ့ရင်ဘတ်သည် လျင်မြန်စွာပင် မြင့်တက်လာကာ ကျဆင်းသွားသည်။ သူက လူလတ်ပိုင်းကို ခဏလောက်ကစားပေးရန် ရည်ရွယ်လိုက်၏။

အဘိုးအိုက နားရွက်ပါးစပ်တက်ချိတ်မတတ်
ပြုံးနေ၏။

"၈၀၀၀!" လူလတ်ပိုင်းအရွယ်က
စကားပြောပြီးသည်နှင့် ယန်ယဲ့ကို
ဒေါသတကြီး စိုက်ကြည့်နေသည်။

အဘိုးအိုက ယန်ယဲ့ဖက်ကို လှည့်ကြည့်ကာ
တန်ကြေးတိုးပေးရန် မျှော်လင့်နေပုံရ၏။
သို့ရာတွင် ယန်ယဲ့သည် ပုခုံးတွန့်ကာ
"ဂုဏ်ယူပါတယ် မင်းအနိုင်ရသွားပြီ!"

ထိုစကားပြောပြီးတာနဲ့ နောက်ပြန်လှည့်ကာ ထွက်သွားလိုက်ပါသည်။

လူလတ်ပိုင်း၏ မျက်နှာသည် ချက်ချင်းပင် မည်းမှောင်သွားသည်။

"ဒီမှာ ရပ်လိုက်စမ်း။" လူလတ်ပိုင်းက ယန်ယဲ့ကို ဒေါသတကြီး အော်လိုက်သည်။

ယန်ယဲ့က ရပ်ကာ လှည့်ကြည့်လိုက်ပြီး လူလတ်ပိုင်းအရွယ် အမျိုးသားကို

ကြည့်လိုက်သည်။ "ငါ့အထင် မင်းက သူမကို ပြဿနာမရှာရဲလို့ ငါ့ကိုလာပြီးရည်ရွယ်ချက်ရှိရှိလုပ်နေတာပဲဖြစ်ရမယ်။ ဘာလဲ.... ငါက သာမာန်ပုံပေါက်နေလို့ အနိုင်ကျင့်ဖို့ လွယ်တယ်လို့များ ထင်နေသလား။"

"မင်း ငါ့အပေါ် ဘယ်လိုတောင် သတ္တိရှိရှိ လှည့်စားရဲတာလဲ!"
လူလတ်ပိုင်းအရွယ်အမျိုးသားက ယန်ယဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်နေ၏။

သူ့မျက်လုံးများတွင် သတ်ဖြတ်လိုသောဆန္ဒကို လုံးဝဖုံးကွယ်ထားခြင်းမရှိပေ။

ယန်ယွဲ့က  လှောင်ပြောင်ရယ်မောရင်း "မင်းရဲ့မိုက်မဲမှုအတွက် ငါ့ကို အပြစ်တင်နေတာလား"

"မင်း သေလမ်းရှာနေတာလား။"

ထိုအချိန်တွင် စျေးရောင်းနေသည့် အဘိုးအိုက သူတို့နှစ်ဦးကို တားလိုက်ပြီး "မင်းတို့နှစ်ယောက်ကြားက ကိစ္စတွေကို

ငါဝင်မစွက်ဖက်ချင်ဘူး။
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၈၀၀၀ နဲ့
လေလံဆွဲပြီးရင် ပေးချေလိုက်ပါ!”

"ငါမလိုချင်ဘူး!" လူလတ်ပိုင်းအရွယ်က
အဘိုးအိုကို အေးစက်စွာ ကြည့်လိုက်သည်။
ဟာသပဲ! ၎င်းသည်
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၂၀၀၀ သာ
တန်၏။ "ဒီအဘိုးကြီးက သူ့ကို
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၈၀၀၀
ပေးစေချင်နေတယ်လား။  ငါလူမိုက်လို့
သူထင်နေတာလား။"

"မင်းတို့က ငါ့ကို အနိုင်ကျင့်ဖို့ လွယ်တယ်လို့ ထင်နေတာလား" အဘိုးအို၏ မျက်နှာသည် မှုန်မှိုင်းသွားသည်။

လူလတ်ပိုင်းအရွယ်က "အဘိုးကြီး၊ မင်းက သူတော်စင်တစ်ပိုင်းအဆင့် ဆိုပြီး အံ့သြစရာလို့မထင်နဲ့။ ငါက အဆုံးမဲ့မဟာမိတ်အဖွဲ့ကလူပဲ။ မင်းငါ့ကို ဘာမဆိုလုပ်ရဲလို့လား"

အဆုံးမဲ့မဟာမိတ်။

ထိုစကားကိုကြားသောအခါ လူတိုင်း
ချက်ချင်းပင် တုန်လှုပ်သွားကြပြီး
အများအပြားပင် နောက်ပြန်လှည့်ကာ
ချက်ချင်း ထွက်ခွာသွားကြတော့သည်။

အမည်မဲ့မြို့တွင် အင်အားကြီးအဖွဲ့အစည်း ၄ ခု
ရှိ၏။ အစွမ်းထက်ဆုံးအင်အားစုမှာ
မြို့သခင်အိမ်တော်ဖြစ်သည်။
ကျန်အင်အားစုများကတော့

အဆိုးမဲ့မဟာမိတ်အဖွဲ့၊

မွေးဖွားခြင်းမဟာမိတ်အဖွဲ့ နှင့်

နတ်ဘုရားအဆောင်သခင်အစည်းအရုံး

တို့ဖြစ်သည်။

၎င်းတို့က အမည်မဲ့မြို့ကို အပိုင်း ၄ ပိုင်းခွဲ၍

အုပ်ချုပ်ကြသည်။

အမှန်တော့ အမည်မဲ့မြို့ တစ်ခုလုံးတွင်

အခြားသော လျှို့ဝှက်အင်အားစုများစွာလည်း

ရှိပေသည်။ သို့သော် အားလုံးက အပြင်သို့

ထုတ်မပြကြပေ။

နိမ့်ကျသောအဆင့်အတန်းကိုသာ

ထုတ်ဖော်ထားကြ၏။

လေလွင့်ကျင့်ကြံသူများ၊
နောက်ခံမရှိသူများ၏အမြင်တွင်
ထိုအင်အားစုများ၏ အဖွဲ့ဝင်များသည် သူတို့
လုံးဝ မယှဉ်နိုင်ပါ။

၎င်းတို့မှာ အဖွဲ့ဝင် အများအပြားရှိရုံသာမကဘဲ
အလွန်သန်မာကြသည်မဟုတ်ပါလား။

သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါးတည်းက
ထိုအင်အားစုကြီး ၄ ခုအနက်မှ တစ်ခုကိုပင်
ရင်ဆိုင်ရန် လုံးဝမလုံလောက်ပါ။

အသေအချာပါပဲ။ လူလတ်ပိုင်းအရွယ်၏ စကားကို ကြားလိုက်ချိန်မှာ အဘိုးအို၏ အမူအရာသည် သိသိသာသာပင် ပြောင်းလဲသွားသည်။

 ခဏအကြာတွင် သူက ယန်ယဲ့ကို ရုတ်တရက် စိုက်ကြည့်ကာ “သူ မလိုချင်ဘူးဆိုတော့ အဲဒါ မင်းပိုင်တယ်။ လျှော့ဈေးပေးမယ်။ မင်းက အဆင့်လွန်စွမ်းအင်ကျောက်တုံး ၆၀၀၀ ပေးရမယ်!"

လူလတ်ပိုင်းအရွယ်၏ ပါးစပ်ပေါ်၌ ကျေနပ်မှု တစ်ချက် ထွက်ပေါ်လာပြီးနောက် ယန်ယဲ့၏

ကံဆိုးမှုကို နှစ်သက်သဘောကျသည့်အလား စိုက်ကြည့်နေသည်။

ဤပွဲကိုကြည့်ဖို့သာ ရည်ရွယ်ထားတဲ့ ယန်ယဲ့လည်း ရုတ်တရက် အံ့အားသင့်သွား၏။ အဘိုးအိုက ဤကဲ့သို့ လုပ်ရပ်မျိုး လုပ်ဆောင်လာမည်ဟု သူ့စိတ်ထဲ မမျှော်လင့်ထားခဲ့ပေ။ သိသာစွာပင် အဘိုးအိုက သူ့အား 'ပန်းသီးအမှည့်တစ်လုံး' ဟု ထင်နေပုံရသည်။

"ငါ့ကို အနိုင်ကျင့်ဖို့ လွယ်တယ်လို့ မင်းထင်သလား" ယန်ယွဲ့ သည် အေးစက်စက်ပြောလိုက်ရင်း အဘိုးအိုကို စိုက်ကြည့်နေသည်။

အဘိုးအိုက ယန်ယွဲ့ကို စိုက်ကြည့်ကာ လျစ်လျူရှုပြီး "သူ မလိုချင်ဘူးဆိုတော့ ဒါက မင်းအတွက် သဘာဝပါပဲ။ အခုနတုန်းက အဆင့်လွန်စွမ်းအင်ကျောက်တုံး ၇၀၀၀ နဲ့ လေလံဆွဲထားတယ်။ ငါမင်းကိုဘာမှလုပ်ခိုင်းတာမဟုတ်ဘူး။

ပြီးတော့.....လူငယ်၊
မင်းကိုသတိမပေးတဲ့အတွက် ငါ့ကို
အပြစ်မတင်ပါနဲ့။ မင်းငြင်းရင်
မင်းငါ့ကိုလှည့်စားနေသလို
ငါဆက်ဆံလိုက်မယ်၊ အဲဒါလုပ်ဖို့အတွက်
မင်းပြန်ပေးဆပ်ရလိမ့်မယ်!"

ယန်ယဲ့က ခေါင်းညိတ်ပြီး "ဒါဆို မင်း
ဆင်ခြင်တုံတရားမဲ့ဖို့ ကြံနေတာလား။"

အဘိုးအိုထံမှ သူတော်စင်တစ်ပိုင်းအဆင့် အော်ရာ ရုတ်တရက် ထွက်ပေါ်လာပြီး ယန်ယဲ့ အပေါ် ဖိနှိပ်လိုက်သည် "လူငယ်၊ ဒါ မင်းရဲ့ နောက်ဆုံးအခွင့်အရေးပဲ။ မဟုတ်ရင် မင်းက အကျိုးဆက်ကို ခံစားရမှာ!"

အဘိုးအိုက သူ့ကို အနိုင်ကျင့်ရန် ရည်ရွယ်ထားကြောင်း ယန်ယဲ့ လည်း ကောင်းကောင်းနားလည်လိုက်သည်။

ထို့အတွက်

မည်သည့်အပိုစကားမျှပြောမနေတော့ပေ။

ဟာကျူလီသံချပ်ကာ ကို ချက်ချင်းဆိုသလို အသက်သွင်းကာ သူ၏ လက်သီးများကို ရှေ့သို့ ထိုးချလိုက်သည်။

အဘိုးအို၏ အမူအရာသည် ချက်ချင်းပင် ပြောင်းသွားသည်။

သိုင်းကျောဇ်အဆင့် သာရှိသည့် လူငယ်က သူ့ကို တိုက်ခိုက်ဝံ့လိမ့်မည်ဟု မထင်ထားခဲ့ပေ။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ အရှိန်သည် အလွန်လျင်မြန်နေသောကြောင့် အနည်းငယ်တုန်လှုပ်သွားမိသည်။

သို့သော် နောက်ဆုံးတွင် သူ၏လက်သီးကို ရှေ့ဆန့်ထုတ်ကာ ယန်ယဲ့၏ လက်သီးချက်နှင့် ရင်ဆိုင်လိုက်သည်။

လက်သီးနှစ်လုံး ထိပ်တိုက်တွေ့ခါနီးမှာပဲ အဘိုးအို၏ အမူအရာသည် ချက်ချင်း ပြောင်းလဲသွားပြီး သူ့လက်ကို ပြန်ရုတ်ရန်ပြင်လိုက်၏။

သို့တိုင် နောက်ကျသွားပြီဖြစ်သည်။

၈၉၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၉၂ - ထိတ်လန့်သွားအောင်

ဖွဲ့ခြောက်ခြင်း

အုန်း!

အဘိုးအို၏ ခန္ဓာကိုယ်သည် "အုန်း"ခနဲ

မြည်ကာ လွင့်ပျံထွက်သွားသဖြင့်

အခြေအနေကိုစောင့်ကြည့်နေသည့်

ပတ်ဝန်းကျင်က လူတိုင်းလည်း

အံ့သြထိတ်လန့်သွားကြလေသည်။

"သိုင်းကေရာဇ်က
သူတော်စင်တစ်ပိုင်းအဆင့်ကို
လက်သီးတစ်ချက်တည်းနဲ့
လွင့်ထွက်သွားစေတာလား။"

သူတို့အားလုံး ထိတ်လန့်သွားပြီး ယန်ယဲ့ကို
မယုံကြည်နိုင်စွာ စိုက်ကြည့်နေကြသည်။
လူလတ်ပိုင်းအရွယ်သည်လည်း
အံ့အားသင့်သွားပါပြီ။ သူ့ရှေ့က လူငယ်ဟာ
လက်သီးတစ်ချက်တည်းနဲ့
သူတော်စင်တစ်ပိုင်းအဆင့်ကို

လွင့်ပျံသွားအောင် ရိုက်နှက်နိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပါ။

"သူက အသားစားချင်လို့ ဝက်ယောင်ဆောင်နေတဲ့ကျားလား။"

ထိုအကြောင်းကို တွေးမိသည်နှင့် လူလတ်ပိုင်းအရွယ်က ဆုတ်ခွာရန် ပြင်လိုက်၏။

ယန်ယဲ့ကို ပြဿနာရှာရသည့် အကြောင်းအရင်းမှာ ငရဲကေရီ ကြောင့်ပင်။

သူ၏ညီဖြစ်သူ အသတ်လံလိုက်ရသည် ဖြစ်ရာ သူ့ရင်ထဲတွင် အတောမသတ်နိုင်သည့် နာကြည်းမှုများပြည့်နေခဲ့သည်။

သို့သော် သူက ငရဲကေရီ၏ အစစ်အမှန်ပုံရိပ်နှင့်ခွန်အားကို ကောင်းကောင်းကြီး သိထားသည်။

သူ့ကို ကျောထောက်နောက်ခံပေးထားသည့် မဟာမိတ်အဖွဲ့ပေါင်းလျှင် ငရဲကေရီ ကို ပြဿနာမရှာဝံ့ပေ။

ထို့ကြောင့် ငရဲကေရီ၏ ရှေ့မှောက်၌ အံကြိတ်သည်းခံရုံကလွဲ၍ အခြားရွေးချယ်စရာမရှိပါ။

သို့သော် ယန်ယဲ့ကို မြင်လိုက်ချိန်တွင် သူ၏ဒေါသများက တဖန်ပေါက်ကွဲထွက်လာခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ယန်ယဲ့က အဆင့် ၃ သိုင်းကေရာဇ်သာဖြစ်သည့်အပြင် ငရဲဧရိလည်း လက်တလောရှိမနေပေ။

သို့ရာတွင် သူ၏ယူဆချက်က လုံးဝကိုမှားသွားပြီဖြစ်ကြောင်း သိလိုက်သည်။ ငရဲကေရီ၏ ဘေးနားတွင် ရှိနေသူက မည်သို့အားနည်းနိုင်သနည်း။

သို့သော် သူတော်စင်တစ်ပိုင်းအဆင့်ကို
ရိုက်နှက်ခြင်းကတော့ အနည်းငယ်
လွန်လွန်းသည်မဟုတ်ပါလော။

ဤအချိန်တွင် ယန်ယဲ့က သူ့လက်ကို
ဝှေ့ယမ်းလိုက်ရာ
သက်စောင့်ဓားကသူ့လက်ထဲသို့
ပျံတက်သွားသည်။ ယန်ယဲ့သည်
၎င်းကိုကြည့်ရင်း ခေါင်းယမ်းလိုက်ပြီး
"အစကတော့ ငါ တန်ရာတန်ကြေး ပေးချေဖို့
ရည်မှန်းထားပေမယ့် မင်းက အဲဒါကို
မလိုချင်ဘဲ အလကားပေးမယ်လို့

ပြောလိုက်တယ်။

မင်းကတကယ်လူကောင်းတစ်ယောက်လို့ပဲ

ငါပြောနိုင်တယ်!"

“မင်း….” ထိုအချိန်တွင် အဘိုးအိုသည်

သူခံစားလိုက်ရသော ဒေါသကြောင့်

သွေးတစ်လုတ်အန်ထုတ်လိုက်၏။

ထို့နောက် ယန်ယွဲ့ကို စားတော့ဝါးတော့မတတ်

ဒေါသတကြီး စိုက်ကြည့်နေစဉ်

သူ၏ညာလက်က

အနည်းငယ်လှုပ်သွားသော်လည်း တိုက်ခိုက်ရန်

မဝံ့ရဲပေ။

သူက လူမိုက်မဟုတ်ပါ။ ယန်ယဲ့က သူ့ကို လွင့်ပျံသွားအောင် ရိုက်နှက်နိုင်သည်ဖြစ်ရာ ၎င်း၏နောက်ခံနှင့် ခွန်အားက သေချာပေါက်ကြောက်စရာကောင်းနေပေမည်။ အနည်းငယ်သောအမှားက သူ့ကို ချက်ချင်း သေဆုံးသွားနိုင်သည်။

ယန်ယဲ့က အဘိုးအိုကို အေးစက်စွာ စိုက်ကြည့်ကာ "ဘာလဲ။ မင်းက ငါ့ကို ပို့ပေးစေချင်နေတုန်းလား။"

အဘိုးအိုသည် ယန်ယဲ့ကို
စူးစူးစိုက်စိုက်စိုက်ကြည့်လိုက်သော်လည်း
စကားတစ်ခွန်းမှ မပြောပေ။ လှည့်ပြီး
ထွက်သွားတော့၏။ ဤတစ်ကြိမ်မှာတော့
သူ့ကံကြမ္မာကို လက်ခံလိုက်ပုံရသည်။

အစောပိုင်းက တိုက်ခိုက်မှုကြောင့်
ဒဏ်ရာအချို့ရရှိခဲ့သော်လည်း
သူ၏ပေါ့လျော့မှုကြောင့်ဖြစ်ရသည်ကို
သတိပြုမိထားသည်။

သို့သော် ပြဿနာက ယန်ယဲ့ကို
အနိုင်ယူနိုင်လျှင်ကော
ဘာများလုပ်နိုင်မည်နည်း။

ယန်ယဲ့သည်လည်း အဘိုးအိုကို မလိုက်ခဲ့ပေ။
ဟာကျူလီသံချပ်ကာ ကို အသုံးပြုပြီး
အဘိုးအိုကို လွင့်ပျံထွက်သွားစေနိုင်သော်ငြား
သူတော်စင်တစ်ပိုင်းအဆင့်ကို မသတ်နိုင်မှန်း
သိထားခဲ့သည်။ အဘိုးအို၏ နောက်ကို
ဆက်လိုက်နေပါက
အချိန်ဖြုန်းတီးရာကျသွားရုံသာ။

သို့သော် လှည့်ထွက်မသွားခင်
လူလတ်ပိုင်းအရွယ်ကို
တစ်ချက်ကြည့်လိုက်၏။

လူလတ်ပိုင်းအရွယ်နှင့်
ထပ်ပြီးပြဿနာမရှာသင့်ဟုတွေးပြီး
ထွက်သွားရန်သာ ဆုံးဖြတ်လိုက်ပါသည်။

လူလတ်ပိုင်းအရွယ်က အံ့အားသင့်သွားသည်။
"သူငါ့ကို တိုက်ခိုက်မှာမဟုတ်ဘူးလား။
ဒီလိုပဲထွက်သွားတာလား...."

ရုတ်တရက် အဝေးကနေ လူအုပ်စုတစ်စု
လျှောက်လာသည်။

"ဘေးဖယ်ကြစမ်း! ဒီနေရာမှာ

အဆုံးမဲ့မဟာမိတ်အဖွဲ့က လုပ်စရာကိစ္စရှိတယ်။

အသက်ရှူ ၁၀ ရှိုက်စာအတွင်းမှာ

ငါတို့အဖွဲ့ကလူတွေမဟုတ်ဘဲ

ဆက်ရှိနေသေးရင် ငါချန်းပိုဒေါင်ကို

သနားညှာတာမှုမရှိလို့ အပြစ်မတင်နဲ့။"

ဓားတစ်လက်ကို ကိုင်ဆောင်ထားသည့်

လူလတ်ပိုင်းအရွယ်က ပတ်ဝန်းကျင်ကို

အေးစက်စက်ကြည့်ကာ အဖွဲ့ကို ဒေါသတကြီး

အော်ဟစ်လိုက်သည်။ ထို့နောက်တွင်တော့

အခြေအနေကို စောင့်ကြည့်နေသည့်

လူအုပ်ကြီးဟာ သဲလွန်စမရှိဘဲ ချက်ချင်း ပျောက်ကွယ်သွားပါတော့သည်။

"ချန်းပိုဒေါင်?" လူလတ်ပိုင်းအရွယ်က အနည်းငယ် ထိတ်လန့်သွားပြီး နောက်ကို အမြန်လျှောက်သွားကာ "အကြီးအကဲချန်း၊ မင်း ဒီမှာ ဘာလုပ်နေတာလဲ"

"ကျန်းလောင်၊ ညီအစ်ကိုတချို့က မင်းညီလေး အသတ်ခံရတယ်လို့ ပြောကြတယ်။ သေစမ်း! ဘယ်လိုလူကများ ငါတို့ပိုင်နက်ထဲမှာ ငါတို့ရဲ့ အဆိုးမဲ့မဟာမိတ်အဖွဲ့ဝင်တစ်ယောက်ကို

သတ်ရဲတာလဲ။ ကလဲ့စားချေဖို့
ညီအကိုတစ်စုကို ခေါ်လာခဲ့တယ်!"
ချန်းပိုဒေါင်က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး "ဘယ်သူလုပ်တာလဲ!?
ငါသူ့ကို အပိုင်းပိုင်းဖြတ်ပစ်မယ်!”

ကျန်းလောင်က ခေါင်းခါလိုက်သည်။
"မေ့လိုက်ပါ!" ငရဲကေရီ မည်မျှ
ကြောက်စရာကောင်းသည်ကို သူ ကောင်းစွာ
သဘောပေါက်ထား၏။

မဟာမိတ်ခေါင်းဆောင်၏ ညီဖြစ်သူ
အသတ်ခံရလျှင်ပင် မဟာမိတ်ခေါင်းဆောင်က
အံကြိတ်သည်းခံနေရပေမည်။

"ဘယ်လို လွှတ်ထားနိုင်မှာလဲ" ချန်းပိုဒေါင်က
ဒေါသတကြီး အော်ဟစ်လိုက်ပြီး
"ငါတို့နယ်မြေထဲမှာမဟာမိတ်အဖွဲ့ဝင်တစ်ဦးကို
သတ်ဖြတ်တာက ငါတို့ကိုစော်ကားတဲ့အပြင်
အဆုံးမဲ့မဟာမိတ်ကို
ပေါ်တင်စိန်ခေါ်လိုက်တာပဲ။ ဒီသတင်းတွေ
ပြန့်သွားရင် လူတိုင်းက ငါတို့ကို
လှောင်ပြောင်ကြလိမ့်မယ်။ ဒီတော့ ဒါက

မင်းရဲ့ပြဿနာမဟုတ်ဘူး၊
ငါတို့မဟာမိတ်ရဲ့ပြဿနာပဲ။”

ကျန်းလောင်က ခေါင်းယမ်းလိုက်ပြီး
စကားစလုဆဲဆဲ။ သို့သော် ချန်းပိုဒေါင်၏
ဘေးနားမှ လူငယ်တစ်ယောက်က ယန်ယွဲ့ကို
ရုတ်တရက် လက်ညှိုးထိုးပြပြီး
"အကြီးအကဲချန်း၊ သူက အကြီးအကဲကျန်း
ရဲ့ညီလေးကို သတ်ခဲ့တဲ့လူတွေထဲက
တစ်ယောက်ပဲ။ ငါ့မျက်လုံးနှစ်လုံးနဲ့
မြင်လိုက်တာ!"

ချန်းပိုဒေါင်က ယန်ယွဲ့ကို စိုက်ကြည့်ကာ ဒေါသတကြီး ကြိမ်းမောင်းလိုက်သည်။ "သူ့ကို ဝိုင်းထားလိုက်။" စကားသံဆုံးတာနဲ့ သူ့နောက်ရှိ လူအုပ်စုက ရှေ့ပြေးတက်လာပြီး ယန်ယွဲ့ကို ချက်ချင်း ဝိုင်းထားလိုက်ကြသည်။

ကျန်းလောင်က "ပိုဒေါင်၊ ငါ့စကားကို နားထောင်ပါ။သူ့ကို လွှတ်ထားလိုက်ပါ။"

ယန်ယွဲ့ မည်သူဖြစ်သည်ကို မသိသော်လည်း လက်သီးတစ်ချက်တည်းဖြင့် သူတော်စင်တစ်ပိုင်းအဆင့် ကို ရိုက်ပုတ်ခဲ့သည်။

ထို့ကြောင့် ထိုလူက သာမန်သိုင်းကျောင်း
ဖြစ်နိုင်ပါမည်လော။

ထို့အပြင် ထိုလူက ငရဲကောင်
နှင့်တစ်ဖွဲ့တည်းဖြစ်သည်။

ဤအခိုက်အတန့်တွင် သူ့စိတ်ထဲ၌
အတော်လေးကိုစိတ်ဓာတ်ကျသွား၏။
သူ့ဒေါသကို မထိန်းနိုင်ဘဲ ယန်ယဲ့အား
ပြဿနာရှာမိသည်ကို တွေးပြီး
နောင်တရနေခဲ့သည်။

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၉၃ - အဲဒါနဲ့ ပတ်သက်ပြီး ဘာလုပ်မလဲ

ချန်းပိုဒေါင်က ကျန်းလောင်ကို လှည့်ကြည့်လိုက်သည်။ တစ်ချိန်တည်းမှာပဲ စောစောက ပြောခဲ့သည့် လူငယ်ကပဲ "သူက ကျန်းပေါင် ကိုသတ်တာမဟုတ်ဘူး။ အမျိုးသမီးတစ်ယောက်က သတ်လိုက်တာ။ ဒါပေမယ့် သူက သူမနဲ့ တစ်ဖွဲ့တည်းပဲ!”

ချန်းပိုဒေါင်က ယန်ယွဲ့ ကို
စိုက်ကြည့်နေသည်။ယန်ယွဲ့က ခေါင်းညိတ်ပြီး
“တကယ်တော့ သူပြောတာ မှန်ပါတယ်။
ငါတို့က အခုတလော တကယ်ကို တစ်အုပ်စုထဲ
ရောက်နေတာ။ ဒါပေမဲ့ အရာရာတိုင်းအတွက်
တာဝန်ရှိတဲ့သူတစ်ယောက်ရှိတယ်။ သူမက
သူ့ညီလေးကို သတ်လိုက်တဲ့အတွက်
မင်းသူမကို ရှာသင့်တယ်။ ဟုတ်တယ်မလား?"

"မင်းရဲ့သေဆုံးမှုကို ငါ့ညီငယ်အတွက်
ဒဏ်ပေးမှုလို့ သတ်မှတ်လို့ရတယ်။"
ထိုအချိန်တွင် ကျန်းလောင်က

ထိန်းမထားတော့ပုံဖြင့် ရုတ်တရက် ပြင်းထန်စွာ ပြောလိုက်လေသည်။

ငရဲကေရီကို ကလဲ့စားချေရန် မဖြစ်နိုင်ကြောင်း ကောင်းကောင်းကြီး သိထား၏။

ထိုကဲ့သို့ဖြစ်နေသောကြောင့် ယန်ယဲ့ ထံ အပြစ်ပုံချရုံသာရှိတော့သည်။

ယန်ယဲ့၏ နောက်ခံသည် မည်မျှပင် ကြီးမား သည်ဖြစ်စေ ငရဲကေရီ နှင့် နှိုင်းယှဉ်ရန် မဖြစ်နိုင်ပေ။

ထိုစကားကို ကြားလိုက်ချိန်တွင် ယန်ယဲ့က အေးစက်စက် ရယ်မောလိုက်သည်။

"ကြည့်ရတာ အေးအေးဆေးဆေးနေလို့
လူတိုင်းက ငါ့ကို အနိုင်ကျင့်လို့ရတယ်
ထင်နေကြတာဖြစ်မယ်။
လာ.....။ အခု မင်းတို့ ဘာတတ်နိုင်လဲ....
ကြည့်ရအောင်။"

ထိုအချိန်တွင် ချန်းပိုဒေါင်က ရုတ်တရက်
သူ့လက်ကောက်ဝတ်ကို လှုပ်လိုက်ပြီး
ယန်ယွဲ့ကို ဓားဖြင့် ထိုးချိန်လိုက်သည်။
ဒေါသတကြီးနဲ့ "ငါ မင်းကို အခု
အနိုင်ကျင့်နေတယ်။ မင်းအဲ့ဒါနဲ့ ပတ်သက်ပြီး
မင်းဘာလုပ်မှာလဲ။"

စကားပင်မဆုံးသေး၊ ချန်းပိုဒေါင်က
မျက်လုံးများ ပြူးကျယ်သွားကာ
သူ့ခြေထောက်နှစ်ဖက်လုံး မြေပြင်ကနေ
လွတ်ထွက်လုနီးပါး ဖြစ်သွားသည်။
အကြောင်းအရင်းကတော့ လက်တစ်ဖက်က
သူ့လည်ပင်းမှာ ရှိနေလို့ပါ။

ကျန်လူများလည်း ဤမြင်ကွင်းကို
မယုံကြည်နိုင်စွာ ကြည့်နေကြသည်။

ယန်ယဲ့က ချန်းပိုဒေါင်ကို စိုက်ကြည့်နေရင်း ပါးစပ်ထောင့်မှာ အပြုံးတစ်ခုပေါ်လာသည်။
"မင်းက အရမ်းအားနည်းနေတာ၊ ငါ့ကို ဘယ်လိုအနိုင်ကျင့်မှာလဲ"

ချန်းပိုဒေါင်၏ မျက်လုံးထဲ၌ အစောပိုင်းကလို ရက်စက်ကြမ်းကြုတ်မှုများ မရှိတော့ဘဲ ထိတ်လန့်မှုများသာ ကြီးစိုးနေခဲ့သည်။
သူက အဆင့် ၅ သိုင်းကျောဇ် ပင်။ သို့တိုင် ယန်ယဲ့၏ လှုပ်ရှားမှုကို ရှင်းရှင်းလင်းလင်းပင် မမြင်နိုင်ခဲ့ပေ။

"သောက်ကျိုးနည်း။ ဒီလူက
သူတော်စင်တစ်ပိုင်းအဆင့် များလား။"

"ငါ့ရဲ့အဆုံးမဲ့မဟာမိတ်အဖွဲ့ဝင်ကို
မင်းသတ်ဝံ့သလား။ မင်းသေပြီ!"
ကျန်းလောင်က ဒေါသတကြီး
အော်လိုက်သည်။

ခွပ်!

အရိုးကွဲအက်သံများ ကြည်လင်၊
ကျယ်လောင်စွာ ထွက်ပေါ်လာပြီးနောက်

ချန်းပိုဒေါင်၏ ခေါင်းက ဘေးဖက်သို့
စောင်းသွားကာ
တစ်ခါတည်းအသတ်ခံလိုက်ရသည်။

ယန်ယဲ့သည် သူ့လက်ကို ပြန်ရုတ်ပြီး
ကျန်းလောင်ကို လျစ်လျူရှုကာ "ငါသေမလား၊
မသေဘူးလားတော့ မသိဘူး။ ဒါပေမဲ့ မင်းက
အသက်ရှင်ခွင့်ကို မမြတ်နိုးဘူးဆိုတာ
ငါသိတယ်။ ဒီလိုဆိုမှတော့ မင်း သေရမယ်။"

စကားဆုံးသည်နှင့် ယန်ယဲ့၏ပုံရိပ်က
ရှေ့ကိုတစ်ဆက်တည်း ခုန်ထွက်လာ

ကျန်းလောင်၏ ရင်ဘတ်ကိုလက်သီးဖြင့်
ထိုးချလိုက်သည်။

ကျန်းလောင်၏ အမူအရာသည် သိသိသာသာ
ပြောင်းလဲသွားပြီး သူ့လက်ဝါးနှစ်ဖက်ကို
ရှေ့ဆန့်ထုတ်ကာ ယန်ယွဲ့၏ လက်သီးနဲ့
ရင်ဆိုင်လိုက်လေသည်။

အုန်း!

ကျန်းလောင်၏ ခန္ဓာကိုယ်သည်
ဆိုးဆိုးရွားရွားလွင့်ထွက်သွားကာ အနီးအနားရှိ

အိမ် ၅ လုံးထိကို တိုက်ချကာ အဆုံးတွင်
မြေပြင်ပေါ် ပြုတ်ကျလာပြီးအသက်ပါပျောက်
သွားပါတော့သည်။

"သေသွားပြီ"

"လက်သီးတစ်ချက်တည်းနဲ့
သတ်လိုက်တယ်...."

အဆုံးမဲ့မဟာမိတ်အဖွဲ့၏
အခြားအဖွဲ့ဝင်များသည် လည်း

ထိတ်လန့်သွားကာ တွန့်ဆုတ်မနေဘဲ
ကမန်းကတန်း ထွက်ပြေးလိုက်ကြသည်။

"သောက်ကျိုးနည်းဟ။ ဒီလူက
သိုင်းကျောင်းတွေကို သိုးတွေသတ်နေသလိုမျိုး
သတ်ဖြတ်နေတယ်။ ဘယ်သူကများ သူ့ကို
တိုက်ခိုက်ဝံ့တော့မှာလဲ"

ယန်ယွဲ့က လက်ခုပ်တစ်ချက်တီးလိုက်ရင်း
နောက်ပြန်လှည့်ကာ
သူရပ်နေခဲ့သည့်နေရာကိုပြန်သွားလိုက်သည်။

ထို့နောက် တစ်ပိုင်းပျက်စီးနေသော သက်စောင့်ဓားကို ရုတ်သိမ်းလိုက်သည်။

သက်စောင့်ဓားက အနက်ရောင်ရှိပြီး ထူးဆန်းသော သင်္ကေတများဖြင့် ထူထပ်စွာ ဖုံးအုပ်ထားသည်။ အပေါ်ဖက်ရှိ ထောင့်ချွန်တစ်ခုပျောက်ကွယ်နေသဖြင့် အတော်လေး ဆိုးရွားလှသည်ဟုထင်ရ၏။

ထို့အပြင် မရေမတွက်နိုင်သော အဆောင်များလည်း ရေးထိုးထားသည်။

ယခင်က အဆောင်တာအိုကို လေ့လာခဲ့သော်လည်း

သူ၏အဆောင်သခင်အဆင့်က
ကောင်းကင်အဆင့်သာရှိခဲ့သည်။
ထို့ကြောင့် လက်ရှိ သက်စောင့်ဓားမှ
အဆောင်များကို အဖြေရှာမရပေ။
သို့သော် သူ့ပင်ကိုယ်က ရေးထိုးသည့်
အဆောင်များဟာ သာမန်မဟုတ်ကြောင်း
ပြောပြခဲ့သည်။
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၂၀၀၀ က
သူ့အတွက် ကြီးမားသော ပမာဏမဟုတ်သဖြင့်
၎င်းကို ဝယ်ယူရန် ရည်ရွယ်ခဲ့သည်။

သို့ရာတွင် နောက်ဆုံး အလကားရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

“အစ်ကိုကြီး၊
ပိုက်ဆံနည်းနည်းလောက်ပေးပါလား”
ယန်ယဲ့ဟာ သက်စောင့်ဓားကို
ဂရုတစိုက်လေ့လာနေချိန်တွင်
သူ့နောက်ကွယ်ကနေ ကြည်လင်
ငြိမ့်ညောင်းပြီး အနည်းငယ်ပျော့ညံ့သော
အသံတစ်ခု  ထွက်ပေါ်လာသည်။

ရုတ်တရက် အသံကြောင့် ယန်ယဲ့၏
မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားကာ သတိအပြည့်
ဖြစ်သွားသည်။

"အန္တရာယ်!"... မှန်ပါသည်။ ယန်ယဲ့ဟာ
ထိုအသံ၏ နောက်ကွယ်ကနေ
လိုက်ပါလာသည့် အန္တရာယ်အငွေ့အသက်ကို
ချက်ချင်း ခံစားလိုက်ရသည်။

သို့သော် ထိုခံစားချက်က
သူ၏ပင်ကိုယ်အသိမဟုတ်ချေ။ မူလစေတီ၏
သတိပေးချက်ပင်တည်း။

မူလစေတီက ပထမဆုံးအကြိမ် "အန္တရာယ်"ဟု သတိပေးလာခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ့ဝတ်ရုံအောက်မှ ရွှေရောင်နဂါးအကြေးခွံများ ပေါ်လာပြီး သူ၏ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်ကလည်း တဟုန်ထိုး ခုန်တက်သွားသည်။

ထို့နောက်  ယန်ယွဲ့က သူ့နောက်ကို ဖြည်းညှင်းစွာ လှည့်ကြည့်လိုက်သည်။

သနားစရာကောင်းသော မျက်နှာထားဖြင့် သူ့ကိုကြည့်နေသည့် ကလေးမလေးကို တွေ့လိုက်ရသည်။

၈၉၄

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၉၄ - လက်နှစ်ဖက်လုံးမရှိသော မိန်းကလေး

ကလေးမလေးက အသက် ၁၀ နှစ်ဝန်းကျင်ခန့်သာရှိသေးပုံပင်။ သူမလေး၏ဝတ်ရုံက စုတ်ပြဲနေကာ ဆံပင်များ ညစ်ပတ်နေပြီး မျက်နှာကလည်း ဖုန်မှုန့်များ ဖုံးလွှမ်းနေခဲ့သည်။ အရေးကြီးဆုံးကတော့ သူမလေးမှာ လက်နှစ်ဖက်လုံးမရှိပေ။ သူမ၏ လက်နှစ်ဖက်လုံး အရင်းကနေ တိတိရိရိပြတ်တောက်နေခြင်းပါ။

သို့သော် ယန်ယွဲ့ဟာ ကလေးမလေး၏ ကျင့်ကြံမှုအဆင့်ကို စစ်ဆေးနိုင်စွမ်းမရှိပေ။

သူမက လုံး၀

သာမာန်မိန်းကလေးတစ်ယောက်လိုပင်။

သို့ရာတွင် အနီကလေးမလေးက

ထိုမျှရိုးရှင်းသည်မဟုတ်ကြောင်း

ရှင်းရှင်းလင်းလင်းသိထားခဲ့သည်။

မူလစေတီ၏ သတိပေးချက်ကိုအသာထား၊

ကလေးမလေး သူ့နောက် ရောက်လာမှန်းကိုပင်

မသိလိုက်ပေ။

ထို့အပြင် သူ၏နတ်ဘုရားစိတ်အာရုံအသိက

ယခုအချိန်အထိ သူမကို

စစ်ကြည့်နိုင်ခြင်းမရှိပါ။

သူတော်စင်တစ်ပိုင်းအဆင့် ပင်လျှင် သူ့ကို
သတိမထားမိနိုင်လောက်အောင် မဟုတ်ပေ။
ဤအခိုက်တွင် သူ့စိတ်ထဲ အလွန်
တုန်လှုပ်ခြောက်ခြားနေကာ
မူလစေတီကလည်း
အဆက်မပြတ်သတိပေးနေ၏။

“အစ်ကိုကြီး၊
ပိုက်ဆံနည်းနည်းလောက်ပေးပါလား”
ကလေးမလေးက ချစ်စဖွယ် အသံဖြင့်

ပြောလိုက်ရင်း ယန်ယဲ့ကို
စူးစူးစိုက်စိုက်ကြည့်နေသည်။
သူမ၏ခန္ဓာကိုယ်လေးက
အလွန်သေးငယ်နေကာ လေတစ်ချက်အဝှေ့
လဲကျသွားတော့မယောင်ထင်ရသည်။

ယန်ယဲ့သည် ခဏတာတုံ့ဆိုင်းနေပြီးမှ
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁ တုံးကို
ထုတ်ယူကာ မြေပြင်ပေါ် ချပေးလိုက်၏။

ကလေးမလေးက

အဆင့်လွန်စွမ်းအင်ကျောက်တုံးကို ငုံ့ကြည့်ကာ

“ဒါက နည်းလွန်းတယ်။ ယင်ယင်ရဲ့

ဆာလောင်မှုကို ဖြည့်ဆည်းပေးနိုင်မှာ

မဟုတ်ဘူး။”

ယန်ယဲ့ သည် အဆင့်လွန်စွမ်းအင်ကျောက်တုံး

၁၀ လုံးကို ထုတ်ကာ မြေပြင်ပေါ်တွင်

ချထားပေးလိုက်သည်။

ကလေးမလေးက ခေါင်းခါပြီး
"မလုံလောက်ဘူး!"

ယန်ယဲ့၏ ပါးစပ်ထောင့်များ
လှုပ်ယမ်းသွားသည်။ ဤတစ်ကြိမ်တွင်
သူသည် စွမ်းအင်ကျောက်တုံး ၁၀၀ ကို
ထုတ်ယူကာ ချထားလိုက်၏။

ကလေးမလေးက ခေါင်းကို ခါလိုက်ပြန်သည် ။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူရင်း အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁၀၀၀ ကို ထုတ်ယူလိုက်ပြီး "ညီမလေး၊ ငွေရှာရတာလည်း မလွယ်ပါဘူး။ သေချာတာကတော့ မင်းအတွက် ပိုခက်ခဲပါတယ်။ ငါတို့ နှစ်ယောက်လုံး ခက်ခဲတယ်ဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် မခက်ခဲအောင် နေရအောင် ပေါ့။ "

ဤအချိန်တွင် ယန်ယဲ့၏နှလုံးသည် သွေးများယိုစီးထွက်နေသည်။

ဤအရာက သူ့ဘဝတစ်လျှောက်လုံးတွင်
ပထမဆုံးအကြိမ် ငွေညှစ်ခံရခြင်းပါပဲ။

သူမကို ဘာတစ်ခုမှ မပေးချင်သော်လည်း
နောက်ဆုံးတွင် ကလေးမလေး
တောင်းဆိုသည့်ကိုပေးရန်သာ
ဆုံးဖြတ်လိုက်သည်။

မူလစေတီက အခြားတစ်ဦးအား
အန္တရာယ်သတိပေးလာသဖြင့် သူက
သတိအပြည့်ရှိနေပါသည်။

ဆိုလိုသည်မှာ သူ့ရှေ့တွင်ရပ်နေသည့်
ကလေးမလေးက
အလွန်ကြောက်စရာကောင်းနေသည်။

နောက်ဆုံးတွင် ထိုနေ့က
မြို့သခင်လုယန်ဟောင်နှင့်ရင်ဆိုင်တိုက်ခိုက်စဉ်
ကပင် သတိပေးချက် မထုတ်ဖော်ခဲ့ပေ။

ထို့အပြင် ကလေးမလေးက အမည်မဲ့မြို့၌
နေထိုင်နိုင်ခဲ့သောကြောင့်
သာမန်မဟုတ်ကြောင်း ထင်ရှားသည်။

"အန္တရာယ်ကို ရှောင်ဖို့ ပေးရမယ်။"
ယန်ယဲ့၏ အမြင်တွင် ဓားကိုမသုံးဘဲ
ငွေကြေးဖြင့်ဖြေရှင်းနိုင်လျှင်

အကောင်းဆုံးဖြစ်သည်။ အမှန်တော့ ကြိုတင်သတ်မှတ်ချက်မှာ သူက တစ်ဖက်လူကို လုံးဝအနိုင်မယူနိုင်သောကြောင့်ပင်။

ကလေးမလေးက မျက်တောင်ခတ်ပြီး "အစ်ကိုကြီး၊ ငါ့ကို ၅၀၀၀ ပေးပါလား" ဟု ပြောလိုက်သည်။

သောက်ကျိုးနည်းတာပဲ !

ယန်ယဲ့၏ မျက်နှာသည် မည်းမှောင်နေပြီး
ခေါင်းယမ်းလုမတတ် ဖြစ်နေသည်။ သို့သော်
သူသည် အဆုံးတွင် မလုပ်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် ဤအချိန်မှာပဲ
မူလစေတီက နောက်ထပ်
သတိပေးလာသောကြောင့်ပါ။

မူလစေတီ သာမကဘဲ
ခရမ်းရောင်မင့်ခ်ကလေးကပါ သတိပေးခဲ့၏။

ထို့ကြောင့် အန္တရာယ်က
မည်မျှကြောက်စရာကောင်းကြောင်း
သိသာနေသည်။

ထို့နောက် သူ၏ သိုလှောင်လက်စွပ်ထဲကို တစ်ချက်စစ်ဆေးကြည့်လိုက်ရာ အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁၀၀၀၀ သာ ကျန်တော့သည်ကို သတိထားမိလိုက်သည်။

ဤတစ်ကြိမ်

အတော်လေးနာကျင်နေသော်လည်း တွန့်ဆုတ်မနေတော့ပေ။

အဆင့်လွန်စွမ်းအင်ကျောက်တုံး ၄၀၀၀ ကိုထုတ်ကာ ကလေးမလေးရှေ့တွင် ချထားပေးလိုက်သည်။ "ညီမလေး၊ ဒီမှာ မင်းအတွက်ပဲ"

အဆင့်လွန်စွမ်းအင်ကျောက်တုံး ၅၀၀၀ ကို မြင်လိုက်ချိန်တွင် ကလေးမလေး၏ ပါးစပ်ထောင့်မှာ ချစ်စဖွယ်အပြုံးလေးတစ်ခု ပေါ်လာသည်။

ရုတ်တရက် သူမလေးက ပျော်ရွှင်နေသောအသံဖြင့် ပြောလိုက်သည်။ "အစ်ကိုကြီး၊ အရမ်းများတယ်။ယင်ယင်က ဒါတွေအားလုံးကို ဘယ်လိုသိမ်းထားရမလဲ။"

"ဒါက ပြဿနာမဟုတ်ဘူး!" ယန်ယဲ့က သိုလှောင်လက်စွပ်တစ်ကွင်းကို ထုတ်ယူကာ အဆင့်လွန်စွမ်းအင်ကျောက်တုံးအားလုံးကို အထဲထည့်လိုက်ပြီး "ကြည့်စမ်း၊ ဒါဆို အဆင်မပြေဘူးလား" ဟု ပြောလိုက်သည်။

"ဒါပေမဲ့ ယင်ယင်မှာ လက်မရှိဘူး!"

"အဲဒါလည်း ပြဿနာမဟုတ်ဘူး!" ယန်ယဲ့က အနီရောင်ကြိုးတစ်ချောင်းကို ထုတ်လိုက်ပြီး "မင်းလည်ပင်းမှာ ဝတ်ထားလိုက်" ဟု

မပြောခင် သိုလှောင်လက်စွပ်ကို ကြိုးနဲ့ စည်းလိုက်သည်။

သူမက မျက်တောင်ခတ်ပြီး "အစ်ကိုကြီး၊ ငါ့မှာ လက်မရှိဘူး။ ကူညီပေးပါဦးနော်၊ အဆင်ပြေလား"

ယန်ယဲ့သည် ထိုစကားကြောင့် ဘာပြောရမှန်းပင်မသိတော့ပေ။

သူ၏ လက်ရှိ ခံစားချက် အခြေအနေကို
စကားလုံးများဖြင့် ဖော်ပြရန် မဖြစ်နိုင်ပေ။

ငွေညှစ်ခံရရုံတင်မကဘဲ လုယက်သူ၏
အစေခံလိုပင် လုပ်နေရသည်လေ။

ဤအခြေအနေသည် သူ့အတွက် တကယ်ကို
မကြုံစဖူးအရာပါ။

သို့သော် ဤအချိန်တွင်  အတော်လေး
ချီတုံချတုံ ဖြစ်နေသည်။

ကလေးမလေးက မမြင်နိုင်သော အန္တရာပါ။
ရတ်တရက် တစ်ခုခုဖြစ်မည်ကို

စိုးရိမ်သောကြောင့် သူမနှင့်
ခပ်ဝေးဝေးနေခဲ့သည်။

ယခုချိန်တွင် သူမကို ကူလုပ်ပေးမည်ဆိုပါက
အနီးကပ်ဖြစ်သွားပါတော့သည်။
အနီးကပ်လိုက်ပါက....

"အစ်ကိုကြီး၊ လာပါ!"

၇၉၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၉၅ - တစ္ဆေတစ်ကောင်လား

ယန်ယဲ့ဟာ အကူအညီမဲ့စွာပဲ

ရယ်မောလိုက်ပါတော့သည်။

" ငါက အစိုးရိမ်များလွန်နေသလား။

သူတော်စင်တစ်ပိုင်းအဆင့်ရဲ့

ခွန်အားအပြည့်တိုက်ခိုက်တာကတောင်

ငါ့ရုပ်ခန္ဓာအကာအကွယ်နဲ့

နတ်နဂါးချပ်ဝတ်တန်ဆာကို

ချိုးဖျက်နိုင်မှာမဟုတ်ဘူး။

သူမ ငါ့ကိုတိုက်ခိုက်ရင်တောင်
ငါ့ကိုသတ်နိုင်မှာလား။ ဒါပေမဲ့ သူမက
သူတော်စင်တစ်ပိုင်းအဆင့် မဟုတ်ပါစေနဲ့လို့
ဆုတောင်းရမှာပဲ။"

သို့သော် ယင်ယင် သည်
သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်နေပါက
သူ့ကံကြမ္မာကို လက်ခံလိုက်ရုံသာ။

ယန်ယွဲ့သည် တုံ့ဆိုင်းမနေဘဲ
ကလေးမလေးဆီသို့လျှောက်သွားပြီးနောက်
သိုလှောင်လက်စွပ်ချည်ထားသောအနီရောင်

ကြိုးကို သူမ၏လည်ပင်းတွင်
ဆွဲပေးလိုက်သည်။

"အစ်ကိုကြီး၊ နင်က တကယ်လူကောင်းပဲ။"
ကလေးမလေးက ချစ်စဖွယ်ပြောလေသည်။

ယန်ယဲ့၏လက်သည် အနည်းငယ်
အေးခဲသွားသည်။ လူကောင်းတစ်ယောက်ဟု
အခေါ် ခံရရန် အဆင့်လွှန်စွမ်းအင်ကျောက်တုံး
၅၀၀၀ သုံးလိုက်ရသည်လား။
ရုတ်တရက်ပင် ခေါင်းယမ်းလိုက်ပြီး
အနီရောင်ကြိုးကို

ကလေးမလေး၏လည်ပင်းမှာ သေ
သေသပ်သပ်ချည်ပေးလိုက်ပါသည်။

တစ်ချိန်တည်းမှာပင် သူမက "အစ်ကိုကြီးက
စေတနာအရမ်းကောင်းတယ်။ ယင်ယင်ကို
ပိုက်ဆံပေးရုံတင်မကဘူး၊ ယင်ယင်ကို
ဂရုတစိုက်လည်းလုပ်ပေးခဲ့တယ်။ ယင်ယင်က
အစားမစားရတာ
ရက်အတော်ကြာသွားပြီလေ။
အစ်ကိုကြီးက ငါ့ကို ပိုက်ဆံပေးဖို့ ငြင်းဆန်တဲ့
တခြားသူတွေနဲ့ မတူဘူး။ သူတို့က ငါ့ကို
ရိုက်ဖို့တောင် ကြံနေတာ။ ငါ့ကို

ပိုက်ဆံပေးရင်တောင် သူတို့က တွန့်တိုပြီး နည်းနည်းလေးပဲပေးတယ်။ အဲတော့ ယင်ယင်က ဗိုက်ဆာနေတုန်းပဲ”

ယန်ယဲ့က သူမလေး၏ စကားကို ကြားလိုက်ချိန်တွင် အတော်လေးပေါ့ပါးသွားပြီး ရယ်မောလိုက်သည်။ "ယင်ယင်၊ သူတို့က ပိုက်ဆံပေးဖို့ ငြင်းပြီး ရိုက်ရင်တောင် မင်းဘာလုပ်မလဲ”

"ငါသူတို့ကိုစားတယ်!" ယင်ယင်က ခေါင်းလေးကိုမော့ကာ ယန်ယဲ့ကို

စိုက်ကြည့်ရင်း ချစ်စဖွယ်အသံဖြင့်
ပြောလိုက်သည်။

ယန်ယဲ့၏ မျက်နှာသည် အေးခဲသွားသည်။
ဂလု... ခဏအကြာတွင် သူက
တံတွေးတစ်လုတ်ကို မျိုချလိုက်ကာ "ယင်ယင်၊
မင်း တကယ်ပြောနေတာလား"ဟုမေး
လိုက်၏။

ယင်ယင်က ခေါင်းညိတ်ပြီး "ဟုတ်တယ်။
ကံမကောင်းစွာပဲ၊ သူတို့က အရသာမရှိဘူး”

ဤစကားကြောနေရင်း သူမလေးက
ယန်ယဲ့ထံသို့ ရုတ်တရက် ချဉ်းကပ်သွားပြီး
သူမ၏ မျက်လုံးများတွင်
လောဘအရိပ်အယောင်များ ပေါ်လာကာ
အသက်ပြင်းပြင်းရှူလိုက်လေသည်။

ထို့နောက် “အစ်ကိုကြီး၊ နင့်ရဲ့အသားတွေက
သူတို့ထက် ပိုအရသာရှိမယ်လို့ ငါခံစားရတယ်။
မှန်တယ်၊ ဒါပေမဲ့ နင့်ရဲ့အရေပြားက
နည်းနည်းထူတယ်။ အဲဒါက သူတို့ကိုယ်သူတို့
သူတော်စင်တစ်ပိုင်းအဆင့်တွေလို့ခေါ်တဲ့
အရူးအိုကြီးတွေထက်တောင် ပိုထူတယ်။
ဒါပေမဲ့ ကံကောင်းတာက ယင်ယင်က

သွားအရမ်းမာတယ်လေ။ ငါ အဲဒါကို
ကိုက်ဖြတ်နိုင်မှာပါ!”

ယန်ယဲ့ဟာ မျက်နှာပေါ်တွင်
ချွေးစေးများစီးကျလာကာ ဆံပင်များ
အဆုံးမဲ့ထောင်မတ်နေလေသည်။
ယင်ယင်က ၎င်းတို့ကို ကိုက်စားခဲ့သည့်အပြင်
သူတော်စင်တစ်ပိုင်းအဆင့်ပါ ရှိခဲ့၏။

ဤအချိန်မှာ ယန်ယဲ့က
လူယောင်ဆောင်ထားသောနတ်ဆိုးတစ်ကောင်
နှင့်တွေ့ခဲ့ကြောင်း သိလိုက်သည်။

ယန်ယဲ့က သူမလေးကို ခေါင်းငုံ့ကြည့်ကာ အတင်းပြုံးပြရင်း “အင်း ...။ ယင်ယင်၊ မင်းက အစ်ကိုကြီးကိုတော့ မစားပါဘူး။ ဟုတ်တယ်မလား”

“ငါ စားချင်တယ်” ယင်ယင်က ချစ်စဖွယ်အမူအရာဖြင့် နှုတ်ခမ်းသပ်လိုရင်း ပြန်ဖြေခဲ့သည်။

ယန်ယဲ့ဟာ သူမ ပြန်ဖြေလိုက်သည့်စကားကြောင့် ဆွံ့အသွား၏။

“ဒါပေမဲ့ အစ်ကိုကြီးကတော့ တခြားသူတွေနဲ့မတူဘူး။ နင်က ယင်ယင်ကို မအော်ဘူး၊ မရိုက်ဘူး။ပစ္စည်းတွေတောင် ပေးတယ်။ ဒါဆို ယင်ယင်က နင့်ကို မစားဘူး။ အစ်ကိုကြီး၊ ယင်ယင် သွားတော့မယ်။ နောက်မှ ပြန်တွေ့တာပေါ့။" ယင်ယင်က စကားပြောနေရင်း နောက်ပြန်လှည့်၍ တရွေ့ရွေ့ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် ခမ်းနားသည့်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည့် အမျိုးသားတစ်ဦး

ဦးဆောင်သည့်အဖွဲ့က ယန်ယဲ့ဆီသို့ လျင်မြန်စွာ လျှောက်လာခဲ့ကြသည်။

အဖွဲ့ကို ဦးဆောင်လာသူက ယန်ယဲ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း "ငါက အဆုံးမဲ့မဟာမိတ်အဖွဲ့ ရဲ့ ဒုခေါင်းဆောင် နင်းကျွင်းပါ။ ချန်းပေါင် နဲ့ ကျန်းလောင်ကို မင်းသတ်လိုက်တာလား။"

ယန်ယဲ့ သည် ခေါင်းခါလိုက်ပြီး ခပ်လှမ်းလှမ်းမှ ကလေးမလေးကို လက်ညှိုးထိုးပြကာ

နှင်းကျွင်းကို  စိုက်ကြည့်ပြီး "မင်း..
အဲဒီမိန်းမငယ်လေးကို မတွေ့ဘူးလား"

"ဘယ်က မိန်းမငယ်လေးလဲ" နှင်းကျွင်းက
ယန်ယဲ့ ညွှန်ပြသည့်ဖက်ကို လှမ်းကြည့်လိုက်ရာ
ထိုနေရာတွင် တစ်ယောက်မှ မရှိပေ။

နှင်းကျွင်းက ချက်ချင်း မျက်နှာပျက်သွားသည်။
သူက လှည့်၍ ယန်ယဲ့ ကို စိုက်ကြည့်ကာ
"မင်းငါ့ကို လှည့်စားဖို့ ကြိုးစားနေတာလား။"

"မင်းက သူတော်စင်တစ်ပိုင်းအဆင့် လေ။ မင်း သူမကို တကယ်မမြင်နိုင်ဘူးလား" ယန်ယဲ့ သည် အနည်းငယ်တုန်လှုပ်နေသောအသံဖြင့် နောက်တစ်ကြိမ်မေးလိုက်သည်။

နင်းကျွင်း၏ မျက်နှာက လုံးဝကို မည်းမှောင်လာပါသည်။ "ဟော့ကောင်၊ ဟိုမှာ လေကလွဲလို့ ဘာမှမရှိဘူး။ မင်း ရူးသွားပြီလား?"

ယန်ယဲ့ သည် ခပ်လှမ်းလှမ်းတွင် လမ်းလျှောက်နေဆဲ ယင်ယင်ကို ငေးကြည့်ရင်း

မျက်နှာပေါ် ရှိ ချွေးအေးများကို သုတ်လိုက်ပြီး “ငါ....ငါ တစ္ဆေတစ်ကောင်ကို မြင်လိုက်တာလား” ဟု ရေရွတ်လိုက်သည်။

၈၉၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၉၆ - ငါလည်းပါတယ်၊ နင်ဘာလုပ်ချင်လဲ

မိန်းကလေးသည် ထိုနေရာတွင် ရှင်းရှင်းလင်းလင်းရှိနေသော်လည်း သူမကို မမြင်နိုင်ပေ။

ဘာကြောင့်လဲ ?ဘာလို့ သူ့ကို မြင်နိုင်တာလဲ။ ဒါပေမယ့် သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်တဲ့ နင်းကျွင်းက ဘာလို့ မမြင်ရတာလဲ။"

ယန်ယဲ့ဟာ အတော်လေး အံ့သြသွားသည်။

တစ်ချိန်တည်းမှာပင် နင်းကျွင်းက  "မင်း ငါ့ရဲ့ အဆုံးမဲ့မဟာမိတ်အဖွဲ့ဝင်တွေကို သတ်လိုက်တာ ဟုတ်လား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ "ငါ နှစ်ယောက်တော့ သတ်ခဲ့တယ်" ဟု ပြောလိုက်ဝည်။

"မင်းကို မသတ်ဖို့ အကြောင်းပြချက် ပေးပါ!" နင်းကျွင်းက အေးစက်စက်အသံတိုးတိုးဖြင့် ပြောလိုက်သည်။

"နင့်မှာ အရည်အချင်းရှိရင်
စမ်းကြည့်လို့ရတယ်။" ထိုအချိန်တွင်
အမျိုးသမီးတစ်ဦး၏ အသံသည်
ကျယ်လောင်စွာထွက်ပေါ်လာပါသည်။

နင်းကျွင်းက လှည့်ကြည့်လိုက်ရာ
သူ့အမူအရာသည် ချက်ချင်းပင်
ပြောင်းလဲသွားပါတော့သည်။

လူတိုင်း အဝေးကနေ ဖြည်းညှင်းစွာ
လွင့်မျောလာသည့် အနက်ဝတ်အမျိုးသမီးကို
တွေ့လိုက်ကြရသည်။

"ငရဲကေရီ....."

နင်းကျွင်းက သူမကိုမြင်သောအခါ မျက်မှောင်ကြုတ်သွားသည်။ ရုတ်တရက် တစ်ခုခုကို တွေးနေပုံရပြီး "မင်း… မင်းက ငရဲကေရီ!" ဟု ပြောရင်း သူ့မျက်လုံးထဲမှာ ထိတ်လန့်တကြား ပေါ်လာသည်။

"ငါလည်း နင့်ရဲ့ အဆိုးမဲ့မဟာမိတ်အဖွဲ့ဝင်တွေကို သတ်ခဲ့တယ်။

နင် ငါ့ကိုပါ သတ်ချင်နေတာလား။"

ငရဲကေရီက

အေးစက်စက်ပြောလိုက်လေသည်။

နင်းကျွင်းက မျက်နှာပျက်သွားပြီး

"မြင့်မြတ်အဆင့် ၁ ရဲ့ ငရဲကေရီ! ငါ့ရဲ့

အဆိုးမဲ့မဟာမိတ်အဖွဲ့နဲ့ မင်းကြားမှာ

ရန်ငြိုးမရှိဘူး၊ ဒါကြောင့်

မင်းငါ့မဟာမိတ်အဖွဲ့ဝင်တွေကို

ဘာကြောင့်သတ်ခဲ့တာလဲဆိုတာ

ငါသိနိုင်မလား"

"သူတို့က သေခြင်းတရားနဲ့ ထိုက်တန်တယ်!" ငရဲကေရီက “သူတို့အတွက် လက်စားချေချင်ရင် တိုက်ခိုက်ပါ” ခပ်ပြတ်ပြတ်ပင် ပြောလိုက်၏။

"နည်းနည်းလွန်သွားပြီမထင်ဘူးလား?" နင်းကျွင်း၏ မျက်နှာသည် ချက်ချင်းပင် မည်းမှောင်သွားသည်။

ဤတစ်ကြိမ်မှာတော့ ငရဲကေရီက နင်းကျွင်းကို ဂရုမစိုက်တော့ပေ။ သူမက ယန်ယွဲ့ကို

စိုက်ကြည့်ကာ "သွားရအောင်!"
စကားပြောပြီးတာနဲ့ လှည့်ထွက်သွားသည်။

ယန်ယဲ့ သည် ယင်ယင် နှင့်ပတ်သက်၍
တုန်လှုပ်ချောက်ချားမှုနှင့်
စိတ်လှုပ်ရှားမှုများကိုဖိနှိပ်ရင်း ခေါင်းယမ်းကာ
သူမနောက်သို့ လိုက်သွားခဲ့သည်။

နောက်ဆုံးတော့ နင်းကျွင်းက မတိုက်ခိုက်ခဲ့ပေ။
သူ့လူများကို အချက်ပြကာ
နောက်ပြန်ဆုတ်သွားခဲ့ပါသည်။

"နင် ဒုက္ခရောက်ပြန်ပြီ!" ငရဲကေရီက လမ်းလျှောက်ရင်း စကားပြောလေသည်။

ယန်ယဲ့က "ငါက ပြဿနာစရှာတာမဟုတ်ဘူးလို့ပြောရင် ယုံမှာလား။"

သူမက ခေါင်းညိတ်ပြီး “ငါ ယုံလိုက်မယ်!”

"ဟင်!?" ယန်ယွဲ့က အနည်းငယ်အံ့ဩသွားပြီး "မင်းငါ့ကိုတကယ်ယုံသလား"

ငရဲဧကရီက ခေါင်းညိတ်ကာ တုန့်ပြန်သည်။

"ဘာကြောင့်လဲ?" ယန်ယွဲ့က သိချင်စိတ်ဖြင့် မေးလိုက်သည်။

သူမက မလှုပ်မယှက်ဘဲ ခဏလောက် ငြိမ်သက်သွားပြီး “နင်က ပြဿနာဖန်တီးရတာ ကြိုက်တဲ့သူဆိုရင် ငါနင့်ကို

ခေါ်လာမှာမဟုတ်ဘူး။ သတ်ဖြတ်တာကို ရှောင်လို့မရတဲ့ အဖြစ်အပျက်တွေက တခြားသူတွေကို နင့်ကို တမင်ပြဿနာရှာတဲ့အခြေအနေတွေက နေရာအနှံ့ရှိနေတာလေ။

မြို့အဝင်ဝမှာ ဖြစ်ပျက်ခဲ့တဲ့အတိုင်းပဲ။ ဒါကြောင့် သတ်ဖြတ်တာက အရမ်းရိုးရှင်းတယ်။ ဒါပေမဲ့ ရည်ရွယ်ချက်ရှိရှိ ဒုက္ခရောက်အောင် ဖန်တီးသူတွေက မကြိုက်ဘူး။”

ယန်ယဲ့က သူမကို တစ်ချက်ကြည့်လိုက်ပြီး "မင်းက တကယ်ကို အံ့သြသွားအောင် လုပ်လိုက်တာ!"

သူမက "နင်လည်းပဲ!"

သူတို့နှစ်ယောက်လုံး၏ စကားက နောက်ကွယ်မှာ ဖုံးကွယ်ထားသည့် အဓိပ္ပါယ်များစွာရှိပေသည်။

ငရဲကေရီက ရုတ်တရက် "ငါတို့ ဒီမှာ တစ်ညနေရမယ်!"

"ဘာကြောင့်လဲ?"

ငရဲကေရီက "နတ်ဘုရားအဆောင်သခင်က အခု ငါလိုအပ်တဲ့အရာ မရှိသေးဘူး။ ဒါကြောင့် တစ်ညစောင့်ခိုင်းတယ်။ ငါတို့ ဒီည မြို့ထဲက ထွက်မှာ မဟုတ်ဘူး။ မြို့ထဲမှာနေတဲ့အချိန် သတိမပြတ်ထားရမယ်။

နင်က အရမ်းသန်မာပြီး
သူတော်စင်တစ်ပိုင်းအဆင့်တွေကိုတောင်
တိုက်ခိုက်နိုင်စွမ်းရှိတယ်ဆိုတာ ငါသိတယ်။
ဒါပေမဲ့ ဒီနေရာမှာ
နင်နားလည်နိုင်တဲ့အတိုင်းအတာထက်
ကျော်လွန်နေတဲ့အရာတွေအများကြီးပဲ။"

ယန်ယဲ့က လေးလေးနက်နက်သဘောတူပြီး
ခေါင်းညိတ်လိုက်သည်။ အမှန်စင်စစ်သော်
ယင်ယင် သည် သူတော်စင်တစ်ပိုင်းအဆင့်
မဟုတ်သော် လည်း

သူတော်စင်တစ်ပိုင်းအဆင့် ထက်ပင် ပို၍ ကြောက်စရာကောင်းသည်။

ယန်ယဲ့က ရုတ်တရက်ပြောလိုက်သည်။ "မှန်တယ် ၊ ဒါနဲ့ ဝမ်ယန် နဲ့ ချင်းမင်ကရော ဘယ်လိုလဲ။ အဆင်ပြေကြမှာလား?"

သူမက “သူတို့အတွက် အန္တရာယ်တစ်ခုခုကြုံလာရရင်တောင် အဆင်ပြေပါတယ်။ သူတို့မှာ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ လုံလောက်တဲ့ စွမ်းအားတွေ ရှိတယ်။ ဒါ့အပြင်

သူတို့က အနေအေးတဲ့သူတွေ။
သတ်တာဖြတ်တာကို မကြိုက်ဘူး။"

ယန်ယဲ့ဟာ
စကားမပြောနိုင်လောက်အောင်ကိုဖြစ်သွားပါ
သည်။

ငရဲကေရီက လစ်လျူရှုကာ ဆက်လက်
ပြောနေလေသည်။
"နင်နဲ့ သူတို့ကြားမှာ ကွာခြားချက်က
ဘယ်အချိန်မှာ ရပ်ရမယ်ဆိုတာ သိပေမယ့်

နင်မလုပ်ဘူး။ ဒါ့အပြင် နင့်ရဲ့အစွမ်းအစနဲ့
သတ်ပစ်ခဲ့တာ။ ဒါကြောင့် သူတို့ဟာ
ပြဿနာတစ်ခုခုကြုံလာရင်တောင်
ဘေးကင်းစွာ ထွက်ခွာသွားနိုင်ပေမယ့်
နင်ကျတော့ သေးငယ်တဲ့ပြဿနာကို
ကြီးမားတဲ့ပြဿနာဖြစ်လာစေတာပဲ။ နင့်ရဲ့
ဒေါသကို အတတ်နိုင်ဆုံး
ထိန်းချုပ်သင့်ါ့တယ်။"

ယန်ယဲ့က ပြုံးပြီး "သတိပေးတဲ့အတွက်
ကျေးဇူးတင်ပါတယ်!"

ငရဲကေရီက မလှုပ်တော့ဘဲ သူမရှေ့ရှိ မျှော်စင်တစ်ခုကို စိုက်ကြည့်ကာ "ဒီည ဒီမှာပဲနေမယ်!"

ယန်ယဲ့ သည် ခေါင်းကိုမော့၍ ကြည့်လိုက်ရာ မျှော်စင်က အဆင့် ၁၀ ထပ် ကျော် ရှိသည်ကို သတိပြုမိလိုက်သည်။ ထိုနေရာတွင် ဗုဒ္ဓမျှော်စင်ဟု စာလုံး ၃ လုံး ရေးထိုးထားသည်။

"သွားကြရအောင်!" ငရဲကေရီက ဦးဆောင်ဝင်သွားပြီးနောက် ယန်ယွဲ့လည်း နောက်ကနေ လိုက်ပါလာခဲ့၏။

ဝင်ပေါက်နှင့် မနီးမဝေးတွင် ကျောက်တုံးကောင်တာတစ်ခုရှိပါသည်။ နှင်းဖြူရောင်ဆံပင်နှင့် အဘိုးအိုတစ်ဦးက ၎င်းနောက်တွင် ထိုင်နေသည်။ အဘိုးအိုသည် မျက်လုံးများကိုအနည်းငယ်မှိတ်ကာ ကုလားထိုင်ပေါ်တွင် အနားယူ အိပ်စက်နေပုံရသည်။

“ဝင်ကြေးက အဆင့်လွန် စွမ်းအင်ကျောက်တုံး ၁၀ တုံးပါ။ ဒုတိယထပ်မှာ ကျင့်ကြံမယ်ဆိုရင် ၂၀၀၊ တတိယထပ်က ၃၀၀၊ ၉ထပ်က ၉၀၀"
အဘိုးအိုက မျက်လုံးကို မဖွင့်ဘဲ
ပါးစပ်ကနေသာ တတွတ်တွတ်ရွတ်နေသည်။

ငရဲကေရိက သူမ၏လက်ချောင်းများကို
ပွတ်ဆွဲလိုက်ရာ
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁၈၀ က
ကောင်တာပေါ်သို့ ပျံတက်သွားသည်။
အဘိုးအိုသည် နောက်ဆုံးတွင်
မျက်လုံးဖွင့်လိုက်ပြီး ရွှေသော့နှစ်ချောင်းကို

ယန်ယဲ့ နှင့် ငရဲကေရီ ထံ ပစ်ပေးလိုက်ကာ "အခန်းနံပါတ်တွေကို သူတို့ပေါ်မှာ ရေးထားတယ်။ သက်ဆိုင်ရာအခန်းကို ဝင်လိုက်ရုံပဲ။"

ငရဲကေရီက ရွှေသော့ကိုယူပြီးနောက် ယန်ယဲ့ကိုခေါ်ကာ မျှော်စင်ပေါ်သို့ ဆက်တက်သွားခဲ့သည်။

"ဒီမြို့က ဘာလဲ" ယန်ယဲ့ သည် အခန်းဆီသို့ လျှောက်လာရင်း မေးလိုက်သည်။

သူပထမဆုံးမြင်ယောင်တာက မြို့က
ဖရိုဖရဲဖြစ်ပြီး ဒုတိယအချက်က
လှိုု့ဝှက်ဆန်းကြယ်နေသည်ကို သံစားရသည်။
ဒီမှာ အရာအားလုံး
လှိုု့ဝှက်ဆန်းကြယ်နေခဲ့၏။

“ဒီမှာ အမိန့် ဒါမှမဟုတ် စည်းမျဉ်းမရှိလို့
လူအတော်များများအတွက်တော်
ကောင်းကင်ဘုံပဲ။ ခွန်အားရှိရင်
စိတ်ကြိုက်လုပ်နိုင်တယ်။

ဒီနေရာမှာ အင်အားစုတွေအများကြီးရှိပေမယ့် တစ်ခုပြီးတစ်ခုပေါ်လာတာက သာမန်ပဲ။ ဥပမာအနေနဲ့ပြောရရင် အဆိုးမဲ့မဟာမိတ်အဖွဲ့ဆိုတာ ပြီးခဲ့တဲ့တစ်လကမရှိသေးဘူး။" ငရဲကေရီက သာမန်သာရှင်းပြနေသည်။

"မြင့်မြတ်ခန်းမတွေက ဒီနေရာကို မကိုင်တွယ်ဘူးလား။" ယန်ယဲ့က အနည်းငယ်အံ့သြသွားပြီးမေးလိုက်သည်။

“မလိုချင်ဘူး၊ ဒါပေမယ့် တကယ်တော့ မလုပ်နိုင်ဘူး” လို့ ပြန်ဖြေတယ်။

ယန်ယဲ့ ၏မျက်ခွံများသည် တဆတ်ဆတ် လှုပ်ယမ်းကာ “ဘယ်လို...... မြင့်မြတ်ခန်းမတွေကတောင် မတတ်နိုင်ဘူးလား"

မြင့်မြတ်ခန်းမများက လူသားမျိုးနွယ်ကို ကိုယ်စားပြုသည့် အင်အားစုဖြစ်သည်။ ရှေးဟောင်းမြင့်မြတ်မြို့တော်ထဲတွင်

အင်အားစုများစွာ ရှိသော်လည်း
၎င်းတို့အားလုံးက မြင့်မြတ်ခန်းမအသီးသီး၏
ထိန်းချုပ်မှုအောက်ရှိနေကြသည်။
မှန်ပါသည်၊ မြင့်မြတ်ခန်းမများတွင်
အခွင့်အာဏာပိုင်ဆိုင်ထားသည့်
အကြီးအကဲများနှင့်
အဆင့်မြင့်အာဏာပိုင်များက
ထိုအင်အားစုများမှ ထွက်ပေါ်လာကြခြင်းပင်။

သို့သော်၊ မြင့်မြတ်ခန်းမများက
မျိုးနွယ်စုများနှင့် အင်အားစုများကို
မထိန်းချုပ်နိုင်ဟု မယုံကြည်ပေ။

အဘယ်ကြောင့်ဆိုသော် မြင့်မြတ်ခန်းမ ၁၀ ခု၏ အထက်၌ "မြင့်မြတ်အရှင်" နှင့် "မြင့်မြတ်သူတော်စင်" (၂)ပါးရှိနေသောကြောင့်ပင်။

အထူးသဖြင့် မြင့်မြတ်ခန်းမများ အားလုံး၏ အာဏာပိုင်ဖြစ်သည့် မြင့်မြတ်အရှင်။

မြင့်မြတ်နယ်မြေတွင် နံပါတ် ၁ ပညာရှင်ဖြစ်သည်။ထို့ကြောင့် လူသားမျိုးနွယ်အားလုံးသည် မြင့်မြတ်သောခန်းမများ၏ အမိန့်ကို နာခံကြရသည်။

၈၉၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၉၇ - အဘိုးအိုမန်းယွမ်

မြင့်မြတ်ခန်းမ ၁၀ ခုသည် မြင့်မြတ်နယ်မြေ
တစ်ခုလုံးတွင်
အင်အားအကောင်းဆုံးဖြစ်သည်။ သို့သော်

ငရဲကေရီက မြင့်မြတ်ခန်းမ ၁၀ ခုဟာ အမည်မဲ့မြို့ကို ထိန်းချုပ်နိုင်စွမ်းမရှိဟု ပြော၏။ ထိုအချက်က ယန်ယွဲ့ကို အတော်လေး ပဟေဠိဖြစ်သွားစေသည်။

ငရဲကေရီက “ဒီမြို့မှာ နောက်ထပ်နာမည်တစ်ခုဖြစ်တဲ့ အပြစ်မဲ့မြို့ လို့လည်းခေါ်သေးတယ်။" စကားကိုခဏရပ်ကာ ယန်ယွဲ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း ပြင်းထန်တဲ့လေသံနဲ့ပြောလိုက်လေသည့်။ "ငါနင့်ကိုမလုပ်ဖို့ပြောတုန်းက

အဆုံးမဲ့မဟာမိတ်အဖွဲ့လိုမျိုး
သာမန်အင်အားစုလေးကို စော်ကားမိမှာကို
ငါမကြောက်ဘူး။

အဲဒါက သူတို့ရဲ့ခေါင်းဆောင်
ကိုယ်တိုင်ရောက်လာရင်တောင် နင့်ကို
ဘာမှလုပ်နိုင်မှာမဟုတ်ဘူးလေ။ ဒါပေမဲ့ နင်က
မသိနိုင်တဲ့ တစ်စုံတစ်ယောက် ဒါမှမဟုတ်
အင်အားစုတစ်ခုခုနဲ့
ပြဿနာဖြစ်သွားမှာပဲစိုးရိမ်နေတာ။"

ယန်ယဲ့က အကူအညီမဲ့စွာ
ရယ်မောလိုက်သည်။ "ဟေး၊ လမ်းတစ်ဝက်မှာ

ရပ်မနေနဲ့။ ခြံပုတ်တွေကို ပတ်ရိုက်နှက်တာက
အတော်လေးဆိုးတယ်နော်။"

“ဒီမှာ ဆန်းကြယ်တိုက်ကြီးက
မဟုတ်တဲ့သူတွေ အများကြီးရှိတယ်။
အများစုက
ကောင်းကင်ပြင်ပကနေလာတဲ့သူတွေချည်းပဲ။"
ငရဲကေရီက  လေးနက်စွာ ပြောလိုက်သည် ။

ကောင်းကင်ပြင်ပ....။

ယန်ယဲ့၏ အမူအရာသည် ပြောင်းလဲသွားပြီး "ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ။ ကောင်းကင်ပြင်ပကလူတွေ ငါတို့ကမ္ဘာကို လွယ်လွယ်ကူကူ လာနိုင်တာလား။"

သူမက "ဟုတ်တယ်။ ဒါပေမဲ့ အရင်ကတော့ သူတို့အားလုံး ဒီကိုဆင်းမလာခင် သိုင်းသူတော်စင်တွေပဲ။"

"သူတို့ဘာလို့ဒီကိုလာတာလဲ" ယန်ယဲ့က စိတ်ရှုပ်ထွေးစွာ မေးလိုက်သည်။

“သူတို့က တစ်ခုခုလုပ်ဖို့ ဒီကို လာတာမဟုတ်ဘူး။ အများစုက ဒီကို နယ်နှင်ဒဏ်အပေးခံရတာ ဒါမှမဟုတ် သူတို့ရဲ့ရန်သူတွေကြောင့် ရှောင်ထွက်လာတာချည်းပဲ။ တိုတိုပြောရရင် ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်၊ သူတို့ဟာ ကံကြမ္မာဆိုးကို ခံစားရမှာပဲ။” သူမက ဆက်ပြောသည်၊ “ ဒီမှာ နယ်ခြားမိစ္ဆာတွေကို ချုပ်နှောင်ထားတယ်။ ကောင်းကင်ပြင်ပရဲ့

အင်အားစုတွေက နယ်ခြားမိစ္ဆာတွေကို
ဖယ်ရှားဖို့ ဒီကမ္ဘာကိုအသုံးပြုနေတာ။
တစ်ဖက်မှာလည်း ဒီကမ္ဘာမှာရှိတဲ့သူအားလုံးက
နယ်ခြားမိစ္ဆာတွေနဲ့အတူ မြှုပ်နှံခံရမယ်။
ပြောရရင် ဒီကမ္ဘာမှာရှိတဲ့
သက်ရှိသတ္တဝါအကုန်လုံး တူညီတဲ့ကံကြမ္မာကို
ခံစားရမယ်။”

ယန်ယဲ့က ရုတ်တရက်ပြောလိုက်သည်။
"မင်းတို့အားလုံး သူတို့နဲ့အတူ သင်္ဂြိုဟ်ဖို့
ဆန္ဒရှိသလား"

၎င်းသည် သူ့စိတ်ထဲမှာ
အကြီးမားဆုံးမေးခွန်းပင်။

အဘယ်ကြောင့်ဆိုသော် ဆန်းကြယ်တိုက်ကြီး
ပျက်သုဉ်းသွားသည်နှင့်
နယ်ခြားမိစ္ဆာများနှင့်အတူ မြင့်မြတ်နယ်မြေ၏
အဖွဲ့ဝင်များပါ သေဆုံးသွားရပေမည်။

"အသက်ရှင်ဖို့ နည်းလမ်းရှိတယ်!"
"ကမ္ဘာမပျက်ခင် နယ်ခြားမိစ္ဆာတွေကို
အကုန်သတ်လိုက်။ အဲဒါဆိုရင်
သန်မာတဲ့လူတွေက အသက်ရှင်နိုင်လိမ့်မယ်"
ငရဲဧကရီက သာမန်ကာလျှံသာ
ပြောလိုက်သည်။

"ဒါပေမဲ့ မြင့်မြတ်နယ်မြေက
နယ်ခြားမိစ္ဆာတွေကို မသတ်နိုင်ဘူး!" ယန်ယဲ့က
တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

သူမက "အရင်တုန်းကတော့ ဒါအမှန်ပါပဲ။
ဒါပေမဲ့ အခုက မတူတော့ဘူး။
နယ်ခြားမိစ္ဆာတွေက
အင်မော်တယ်ခန္ဓာကိုယ်ပိုင်ရှင်တွေဆိုတော့
အခုကစပြီးအချိန်တော်တော်ကြာတဲ့အထိ
အသက်ရှင်နေနိုင်သေးတယ်။ အဲဒီအချိန်မှာ
သူတို့ကအားလုံးနီးပါးသေသွားကြမယ်။

ပြီးတော့ ကောင်းကင်လမ်းကပွင့်လာမယ်။

အသက်ရှင်ကျန်နေတဲ့ အနည်းစုလောက်ပဲ

ဒီကမ္ဘာကနေ ထွက်ခွာနိုင်မှာပဲ။"

ယန်ယဲ့က "မင်းပြောနေတဲ့ ဒီလူတွေက

ဘယ်သူတွေလဲ"

သူမက "ဘာပဲဖြစ်ဖြစ် နင့်ရဲ့လက်ရှိခွန်အားက

အဆင့် ၉ သိုင်းကေရာဇ်အဆင့်

နဲ့အထက်မှာရှိနေတယ်မဟုတ်လား။"ဟု

ပြန်ဖြေသည်။

"တစ်နည်းပြောရရင် နယ်ခြားမိစ္ဆာတွေနဲ့ စစ်ပွဲစတဲ့အချိန်မှာ အဆင့် ၉ သိုင်းကျောင်း အောက်မှာရှိတဲ့လူတွေ အကုန်သေရမှာ။ မှန်တယ်မဟုတ်လား။" ယန်ယဲ့က ငရဲကောရီ၏ စကားနောက်ကွယ်မှဆိုလိုရင်းကို နားလည်လိုက်သည်။

“ဒါက တစ်ခုတည်းသောနည်းလမ်းပဲ။ မဟုတ်ရင် လူတိုင်းသေရလိမ့်မယ်”

ငရဲကေရိက အသံခပ်တိုးတိုးဖြင့်
ပြန်ဖြေခဲ့သည်။

ယန်ယဲ့ လည်း ခဏကြာ ငြိမ်သက်သွားသည်။
ယခုအချိန်တွင် နောက်ဆုံးတော့
မြင့်မြတ်နယ်မြေ၏ အဖွဲ့ဝင်များက
နယ်ခြားမိစ္ဆာများအား အစွမ်းကုန်
သတ်ဖြတ်နေသည့် အကြောင်းအရင်းကို
နားလည်သွားပါပြီ။
အကြောင်းမှာ နယ်ခြားမိစ္ဆာများကို
မသတ်နိုင်လျှင် အားလုံး
သေရမည်ဖြစ်သောကြောင့်ပင်။

ငရဲကေရိက ထပ်မံ ရှင်းပြလိုက်သည်

“အမည်မဲ့မြို့မှာ
ကောင်းကင်ပြင်ပကလာတဲ့သူတွေအများကြီးနဲ့
ပြည့်နေတယ်။ သူတို့က သိုင်းသူတော်စင်တွေ
မဟုတ်ပေမယ့် အများစုက
အရမ်းကြောက်စရာကောင်းတယ်။

အနည်းဆုံးတော့ ငါတို့ကမ္ဘာကြီးမှာ သူတို့က
အတော်လေး ကြောက်စရာကောင်းတယ်။
ဟုတ်တယ်။ တကယ်လို့ မြင့်မြတ်နယ်မြေက
စုစည်းပြီး တန်ကြေးတစ်ခုပေးခဲ့ရင်တော့
သူတို့ကို ဖယ်ရှားဖို့ဖြစ်နိုင်တယ်။

ဒါပေမဲ့ မလိုအပ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ငါတို့အားလုံးက နယ်ခြားမိစ္ဆာတွေကိုသတ်ရင် အသက်ရှင်နိုင်တယ်လေ။ ဒါကြောင့် အချင်းချင်း တိုက်ခိုက်ခြင်းမှ ရှောင်ထားကြတာပဲ။"

ယန်ယဲ့ လည်း ခေါင်းညိတ်လိုက်သည်။ ယခုဆိုလျှင် ယင်ယင်၏ နောက်ခံအကြောင်း အနည်းငယ် နားလည်သွားပါပြီ။

"ငါ ခုနက ပြောခဲ့တာတွေအကုန်
မြင့်မြတ်နယ်မြေရဲ့
ထိပ်တန်းလျှို့ဝှက်ချက်တွေချည်းပဲ!" သူမသည်
ရုတ်တရက် ယန်ယဲ့ကိုကြည့်ကာ
"ဒါတွေအားလုံးကို ငါဘာလို့ပြောပြခဲ့တာလဲ
သိလား"

ယန်ယဲ့က ခေါင်းခါလိုက်သည်။

အမှန်စင်စစ် ဤသတင်းသာ ပြန့်နှံ့သွားပါက
မြင့်မြတ်နယ်မြေ သည်
အလိုအလိုပရမ်းပတာဖြစ်သွားပါလိမ့်မည်။

နယ်ခြားမိစ္ဆာများ ထွက်ပေါ်မလာခင်မှာပဲ ပျက်စီးသွားနိုင်ပေသည်။

ငရဲဧကေရီက ယန်ယဲ့ကို စိုက်ကြည့်ကာ "ဘာလို့လဲဆိုတော့ နင် ငါတို့ဖက်က ရပ်တည်ပေးမယ်လို့ ငါမျှော်လင့်တယ်။ နင်သာ ငါတို့ဖက်က ရပ်တည်ပေးမယ်ဆိုရင် ငါတို့အားလုံး အသက်ရှင်ဖို့ အခွင့်အလမ်းရှိနိုင်မယ်!”
ထိုစကားပြောပြီးသည်နှင့်တပြိုင်နက်၊

ယန်ယဲ့ သည် နေရာတွင် တိတ်တဆိတ် ရပ်နေသည်။ အချိန်အတော်ကြာအောင် ခေါင်းယမ်းပြီးနောက် လှည့်ကာ အခန်းထဲသို့ ဝင်သွားခဲ့သည်။

…

ဤအချိန်မှာ အခန်းထဲတွင် အဘိုးအိုတစ်ယောက် ရပ်နေသည်ကို မြင်လိုက်၏။

အဘိုးအိုက မန်းကလန်၏ ဘိုးဘေး မန်းယွမ် ပင်တည်း။

"ယန်မန်း၊ ငါမင်းကိုစောင့်နေခဲ့တာ!" အဘိုးအိုမန်းယွမ်က သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ပြီး အခန်းထောင့်ထဲသို့ အနက်ရောင်အလံလေးခု ပစ်ချလိုက်သည်။ ထိုအချိန်မှာပဲ အခန်းထဲ၌ ရောင်စုံအလင်းတန်းတစ်ခု ပေါ်လာလေသည်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၉၈ - မင်းက ယန်ယဲ့ပဲ

"ဒါက ငါတို့ မန်းကလန်ရဲ့

အဖိုးတန်ရတနာဖြစ်တဲ့

သူတော်စင်လက်နက်ပဲ။

ဒီအတားအဆီးထဲမှာရှိနေရင် အပြင်ဖက်က

ကောင်းကင်ကြီးပြိုကျလာရင်တောင်

သတိပြုမိမှာမဟုတ်ဘူး။"

ပြင်ပကမ္ဘာရှိ တစ်စုံတစ်ယောက်က သတိပြုမိလျှင်ပင် ငရဲကေရီ အနေဖြင့် အချိန်တိုအတွင်း အတားအဆီးကို ချိုးဖျက်ရန် မဖြစ်နိုင်ဟုဆိုလိုပါသည်။

"ဟားဟား....။ မင်း အခုတော့သေလို့ရပြီ။" အဘိုးအိုမန်းယွမ်က အေးစက်စက် ရယ်မောလိုက်သည်။

"ဒါက ငါတို့ကို ပြင်ပကမ္ဘာနဲ့ သီးခြားခွဲထုတ်ထားတာလား။ ကောင်းလိုက်တဲ့ သူတော်စင်လက်နက်!" ယန်ယဲ့ သည်

စကားပြောနေရင်း လက်ကိုတစ်ချက်လှူပ်ကာ လနတ်ဓားကို ထုတ်ယူလိုက်သည်။

အဘိုးအိုမန်းယွမ် သည် ရှေးဟောင်းမြင့်မြတ်မြို့တော်ကနေ ထွက်ခွာလာပြီးကတည်းက ယန်ယဲ့နောက်သို့ အမြဲမပြတ်လိုက်ပါလာခြင်းပင်။

သို့သော် ငရဲကေရိက ဘေးနားတွင် အမြဲလိုလိုရှိနေသောကြောင့်စိတ်မရှည်တော့ပေ။

ယခုအချိန်တွင်လည်း အမည်မဲ့မြို့က
အတော်လေးအန္တရာယ်များ၏။ သူသာ
ယန်မန်းကို တစ်ချက်တည်းဖြင့်
အဆုံးမသတ်နိုင်ပါက ငရဲကေရီ
သတိပြုမိသွားမည်မှာမလွဲကေန်ပင်။

ထို့ကြောင့် သူက
အခွင့်အရေးရောက်လာမည့်အချိန်ကို
စိတ်ရှည်လက်ရှည်စောင့်ဆိုင်းခဲ့သည်။
ကံကောင်းစွာဖြင့် ကောင်းကင်ဘုံက သူ့ကို
အချိန်တော်တော်ကြာထိ
စောင့်ဆိုင်းစေလိုပုံမရပေ။

"ယန်မန်း၊ ဒီအလံတွေက ဘာလဲဆိုတာ မင်းသိလား" အနိုင်အရှုံးက သူ့လက်ထဲတွင်ရှိနေသည်ကိုခံစားမိနေသည့်အလား အပြုံးနှင့် ပြောနေသည်။ "ဒါတွေက ဝက်ပါအလံတွေလေ။ ဒီအလံတွေကို ထောက်ပံပေးဖို့ စွမ်းအင်ကျောက်တုံးအလုံအလောက်ရှိနေရင် သာမန်သူတော်စင်တစ်ပိုင်းအဆင့်တင်မဟုတ်ဘူး၊ အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့်တောင်မှ

လွတ်မြောက်ဖို့မဖြစ်နိုင်ဘူး။ ဒါကြောင့် ဒီနေ့ မင်းလွတ်မြောက်ဖို့ မဖြစ်နိုင်ဘူး!"

"အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့်လား?" တိုက်ခိုက်တော့မည့် ယန်ယဲ့သည် ချက်ချင်းပင် ရပ်တန့်လိုက်ပြီး "သူတော်စင်တစ်ပိုင်းအဆင့်ကို အဆင့်ခွဲခြားထားတာလား" ဟု မေးရင်း မျက်မှောင်ကြုတ်လိုက်၏။

ဤအခိုက်အတန့်တွင် အဘိုးအိုမန်းယွမ်က စိတ်ကောင်းဝင်နေသည့်အလား ရှင်းပြနေလေသည်။ “အဲဒါတွေက မဟုတ်ဘူး။ သူတော်စင်တစ်ပိုင်းအဆင့်တွေက အသန်မာဆုံးဆိုပေမယ့် ဆန်းကြယ်တိုက်ကြီးမှာ သိုင်းသူတော်စင်တွေ မရှိတော့ဘူးလေ။ ဒီတော့ သူတော်စင်တစ်ပိုင်းအဆင့်တွေမှာ ခွန်အားကွာဟမှုတွေရှိလာတယ်။ ဒါကို ငါတို့လို ဘိုးဘေးအဆင့်တွေက အဆင့် ၃ ဆင့် ခွဲတယ်။ ကနဦးအဆင့်၊ အလယ်အလတ်အဆင့် နဲ့ အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်...."

"မီးဝိညာဉ်ဘိုးဘေးက ဘယ်အဆင့်လဲ။"
ယန်ယဲ့က ထပ်မေးလိုက်သည်။

"မီးဝိညာဉ်မျိုးနွယ်စုရဲ့ဘိုးဘေးက
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်လို့
ယူဆနိုင်တယ်" အဘိုးအိုမန်းယွမ်က
ပြန်ဖြေသည်။

"သူလည်း
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်

ပဲလား။" ယန်ယဲ့က အနည်းငယ်
မျက်မှောင်ကြုတ်လိုက်သည်။ အကယ်၍
မီးဝိညာဉ်ဘိုးဘေးသည်
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်ပါက အကြီးအကဲမူ နှင့်
အဘိုးအိုလုယန်တို့သည်လည်း
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်
များဟု သတ်မှတ်နိုင်သည်။
ထို့အပြင် အဘိုးအိုမန်းယွမ် ပြောခဲ့သလိုပဲ
မြင့်မြတ်နယ်မြေတွင်
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်များ
ရှိနေသည်မှာ ဖြစ်နိုင်ချေများ၏။

"ကောင်းပြီ မင်း ကိုယ့်ကိုယ်ကို
သတ်သေမှာလား ဒါမှမဟုတ် မင်းအတွက်
ငါလုပ်ပေးရမလား" အဘိုးအိုမန်းယွမ်က
ရုတ်တရက်ပြောလေသည်။ "ဘာပဲဖြစ်ဖြစ်
မင်းကသေရမှာမို့လို့ လွတ်မြောက်ဖို့
မစဉ်းစားနဲ့တော့။

မင်းသေရမှာတင်မကဘူး၊
မင်းရဲ့ခန္ဓာကိုယ်ကလျှို့ဝှက်ချက်တွေကို
ငါလေ့လာပြီးတာနဲ့ ငါမန်းယွမ်က
မင်းရဲ့အလောင်းကို

ရှေးဟောင်းမြင့်မြတ်မြို့တော်အပြင်မှာ
ချိတ်ဆွဲထားမယ်။
ဒါမှ ငါ့မန်းကလန်ကို စော်ကားတဲ့
အကျိုးဆက်က ဘာလဲဆိုတာ ကမ္ဘာကို
ပြသနိုင်မှာ!”

ယန်ယဲ့က ရုတ်တရက်ပြောလိုက်ပါသည်။
"ဒီမှာဖြစ်နေတဲ့အရာအားလုံးကို အပြင်ကမ္ဘာက
သိဖို့မဖြစ်နိုင်ဘူးဆိုတာ မင်းတကယ်
သေချာလား"

အဘိုးအိုမန်းယွမ်က အေးစက်စွာ ရယ်မောပြီး
"မင်း ငရဲကေရီကို
အကူအညီတောင်းဖို့စဉ်းစားနေတယ်ဆိုရင်
အိပ်မက်သာမက်နေလိုက်။ လုံလောက်တဲ့
စွမ်းအင်ကျောက်တုံးတွေကို
ထောက်ပံ့ပေးထားသရွေ့
ဒီအတားအဆီးအလံတွေက မင်းလို
အဆင့်နိမ့်သိုင်းကေရာဇ်ကို မပြောနဲ့၊
အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့်
ကိုတောင် ချုပ်နှောင်ထားနိုင်တယ်။"

“ကောင်းလိုက်တာ!” ယန်ယွဲ့က
ခေါင်းညိတ်လိုက်ပြီး သူ့လက်ကို ဝှေ့ယမ်းကာ
ဖိနှိပ်ရေးကျောက်တုံးကို ထုတ်ယူလိုက်သည်။

တစ်ချိန်တည်းမှာပဲ အခန်းထဲ၌ မ
မြင်နိုင်သည့်စွမ်းအားတစ်ခု
ချက်ချင်းပေါ်လာပြီး အဘိုးအိုမန်းယွမ်အား
အဆင့် ၉ သိုင်းဧကရာဇ်ထိ ချက်ချင်း
ဖိနှိပ်ပစ်လိုက်သည်။

ထို့နောက်တွင်
အနက်ရောင်ဝတ်အဘိုးအိုတစ်ဦး က
ရုတ်တရက် ယန်ယွဲ့၏ ဘေးတွင်
ပေါ်လာသည်။

အနက်ရောင်ဝတ်အဘိုးအိုက
မီးဝိညာဉ်မျိုးနွယ်စု၏ ပထမအကြီးကဲလင်း
ဖြစ်သည်။ သို့သော်ယခုအချိန်တွင် ၎င်းက
ယန်ယဲ့၏ သူတော်စင်တစ်ပိုင်းအဆင့်
ဓားအစေခံပါ။

ဤရုတ်တရက် အပြောင်းအလဲက
အဘိုးအိုမန်းယွမ်ကို လုံးဝ
ထိတ်လန့်သွားစေခဲ့သည်။

နောက်ဆုံးတွင်၊ သူ၏ကျင့်ကြံမှုက ရုတ်တရက်ကြီး အဆင့် ၉ သိုင်းကေရာဇ် သို့ ကျဆင်းသွားပြီး အခန်းထဲတွင် အမည်မသိ သူတော်စင်တစ်ပိုင်းအဆင့် ပါ ပေါ်လာခဲ့သည်။ ထို့အပြင် ၎င်း၏အော်ရာက သူ့ထက်ပင် ပို၍သန်မာနေသည်။

“ဘယ်လို… ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ? ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ?" အဘိုးအိုမန်းယွမ်က ယန်ယဲ့ကို စိုက်ကြည့်ရင်း သူ့စိတ်ဝိညာဉ် ပျောက်ဆုံးသွားပုံရသည်။ ရုတ်တရက်

သူ့စိတ်ထဲ တစ်ခုခုကို တွေးမိသွားပုံရ၏။ အဘိုးအိုမန်းယွမ်က အကြီးအကျယ်မျက်နှာသာပျက်သွားကာ “မင်း … မင်းက ယန်မန်း မဟုတ်ဘူး။  မင်းက မီးဝိညာဉ်မျိုးနွယ်စုကို ဖျက်ဆီးခဲ့တဲ့ ယန်ယဲ့ ပဲ။ မင်း….”

စကားပြောနေရင်းဖြင့် အဘိုးအိုမန်းယွမ်က အတားဆီးကို ဖယ်ကာ ထွက်ပြေးရန် ပြင်လိုက်၏။

ယန်ယဲ့ ဟူသောလူက မည်သူနည်း။ ၎င်းသည် မြင့်မြတ်ခန်းမ ၁၀ ခု၏ အကြီးအကဲအများအပြားကို သတ်ဖြတ်ခဲ့ပြီး မီးဝိညာဉ်မျိုးနွယ်စုကိုပါ ဖျက်ဆီးခဲ့သူဖြစ်သည်။

အနှိယန်ယဲ့က သိုင်းလောက၏ တစ်ယောက်သာဖြစ်သည့်တိုင် သူ့တွင် ၎င်းကိုသတ်ဖြတ်နိုင်စွမ်းမရှိကြောင်း ရှင်းရှင်းလင်းလင်း သိထား၏။

ထို့အပြင် လက်ရှိ သူကိုယ်တိုင်ပါ သေခြင်းတရားနှင့် နီးကပ်နေပါသည်။

အထူးသဖြင့် ဤနေရာတွင် အခြား သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါး ရှိနေခြင်းပင်။ တဖန် သူကိုယ်တိုင်ကတော့ အဆင့် ၉ သိုင်းကျောဇ် သာရှိနေ၏။

၈၉၉

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၈၉၉ - သူတော်စင်တစ်ပိုင်းအဆင့်ကို သတ်ဖြတ်ခြင်း

အဘိုးအိုမန်းယွမ်က ယန်မန်းဟာ ယန်ယဲ့ ဖြစ်နေကြောင်း သိလိုက်ချိန်တွင် အလွန်ထိတ်လန့်သွားပါတော့သည်။

ထို့ကြောင့် သူက တတ်နိုင်သမျှ အမြတ်ဆုံးထွက်ပြေးရန် ပြတ်ပြတ်သားသား ရွေးချယ်လိုက်သည်။

ယန်ယဲ့သာ တိုက်ခိုက်လာပါက သူ ချက်ချင်းသေဆုံးသွားနိုင်ကြောင်းသဘောပေါက်ထား၏။

သို့သော် အထင်နှင့်အမြင်၊ တစ်နည်းဆိုရသော်
လက်တွေ့ကတော့တခြားစီပါပဲ။
ကံဆိုးစွာပင် နောက်ကျသွားပြီဖြစ်သည်။

သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံက
ပြင်းထန်သော အော်ရာကို ထုတ်လွှတ်၍
အဘိုးအိုမန်းယွမ်၏ အရှိန်ကို
ဖိနှိပ်ထားလိုက်သည်။

ထို့နောက်တွင်
အကန့်အသတ်ထိရောက်နေသကဲ့သို့

အလင်းတန်းတစ်ခုက လျှင်မြန်စွာ
လင်းလက်လာသည်။
လုံးဝကို မမြင်နိုင်လောကအသည့်
အမြန်နှုန်းဖြင့် အဘိုးအိုမန်းယွမ်၏
အစာအိမ်နေရာတွင်
အပေါက်တစ်ခုပေါ်လာခဲ့သည်။

မင်း..... မင်း ။

အဘိုးအိုမန်းယွမ်က စကားပင်
ဆုံးအောင်မပြောနိုင်ဘဲ ကြမ်းပြင်ပေါ်သို့
ပြိုလဲကျသွားသည်။

အဘိုးအိုမန်းယွမ်က တစ်ချက်မျှပင်
ပြန်မတိုက်ခိုက်နိုင်ဘဲ သေဆုံးသွားခြင်းပါ။
ယန်ယဲ့၏ ကောင်းကင်အဆင့်ဓားစိတ်ဆန္ဒဓား
တစ်ချက်တည်းဖြင့်
အသတ်ခံလိုက်ရလေသည်။

ယန်ယဲ့ သည် အဘိုးအိုမန်းယွမ်၏ အလောင်း
ဆီသို့ လျှောက်သွားကာ သူ့ညာလက်ကို
ဝှေ့ယမ်းလိုက်ပြီး အလောင်းကို မူလစေတီ
ထဲမှာ သိမ်းထားလိုက်သည်။

ယခုအချိန်တွင် ဓားဝိညာဉ်က ဓားအစေခံများ
သန့်စင်ပေးနိုင်ခြင်းမရှိသေးပေ။
သို့သော် သူမ အိပ်စက်မသွားခင်
နည်းစနစ်တစ်ခုပေးသွား၏။

နောက်ထပ် သူတော်စင်တစ်ပိုင်းအဆင့်
ဓားအစေခံ။

"ဆရာသခင်၊ ငါ့ရဲ့ကျင့်ကြံမှုက
တိုးတက်နေပြီလို့ ခံစားရတယ်!"ထိုအချိန်တွင်

ပထမအကြီးကဲလင်းက ရုတ်တရုတ်ပြောလာသည်။

"တိုးတက်နေတာလား?" ယန်ယဲ့သည်အနည်းငယ် ထိတ်လန့်သွားပြီး "သေချာလား"

ပထမအကြီးကဲလင်းက "ဆရာသခင်၊ အမှန်အတိုင်းပြောရရင် ငါက သူတော်စင်တစ်ပိုင်းကနဦးအဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်နေပြီ။ဒါပေမဲ့

ဒီနှစ်တွေတစ်လျှောက်လုံးမှာ
ကံကြမ္မာကောင်းတွေနဲ့ မကြုံခဲ့လို့
ကနဦးအဆင့်မှာပဲ သောင်တင်နေခဲ့တာ။

ဒါပေမဲ့ ဆရာသခင်ရဲ့စေတီထဲမှာ
စွမ်းအင်တွေက အရမ်းသိပ်သည်းတယ်။
ပြီးတော့ အဲဒီမှာရှိတဲ့ ဝိညာဉ်စွမ်းအင်တွေက
နည်းနည်းတောင်ထူးခြားနေတယ်လို့
ခံစားမိတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ငါက
အဲဒီဝိညာဉ်စွမ်းအင်တွေကို ပိုပြီးလိုအပ်တယ်။
ငါ အဲဒါကို အဆက်မပြတ် စုပ်ယူနေရင်း
မကြာသေးခင်ကမှ ကျင့်ကြံလိုက်တာ။

ပြီးတော့ ငါ တိုးတက်နေပြီဆိုတာ
သတိထားမိတယ်။

ပထမအကြိမ်အကဲလင်း၏ စကားကို
ကြားချိန်တွင် ယန်ယဲ့လည်း မူလစေတီထဲရှိ
သေးငယ်သောဝိညာဉ်စွမ်းအင်က
အပြင်ကမ္ဘာထက် အဆပေါင်းများစွာပို၍
ပြင်းထန်ကြောင်း သဘောပေါက်သွားခဲ့သည်။

ထို့အပြင် မူလစေတီထဲ၌ အစစ်အမှန်
မူလခရမ်းရောင်ဆန်းကြယ်စွမ်းအင်
မရှိသော်လည်း အနည်းငယ်ပါဝင်နေ၏။
ပထမအကြိမ်အကဲလင်း သာ ၎င်းတို့ကို
စုပ်ယူနိုင်ပါက သူပြောသလိုပင်
သေချာပေါက်အဆင့်မြှင့်တင်နိုင်ပါလိမ့်မည်။

၎င်း၏တိုးတက်မှုက ယန်ယဲ့ အတွက်
ကောင်းသောအရာဖြစ်သည်။

"ဘယ်လောက်ကြာမလဲ?" ယန်ယဲ့က မေးလိုက်သည်။

သူက “၁၀ ရက်ထက်ပိုကြာနိုင်တယ်၊ ဒါမှမဟုတ် မနက်ဖြန်လည်းဖြစ်နိုင်တယ်။ ငါသေချာမပြောနိုင်ဘူး။"

ယန်ယဲ့က  ခဏလောက် လေးလေးနက်နက် စဉ်းစားပြီး “ကောင်းပြီလေ။ ငါ မင်းကို စေတီထဲကနေ ခဏခဏထွက်လာခိုင်းမှာ

မဟုတ်ဘူး။အေးအေးဆေးဆေး အနားယူပြီး မင်းရဲ့ တိုးတက်မှုကို ပြီးအောင်လုပ်ပါ။"

“အမိန့်အတိုင်းပါ ဆရာသခင်!”
ပထမအကြီးကဲလင်းက ယန်ယဲ့ကို အနည်းငယ်ဦးညွှတ်လိုက်သည်။ ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းကာ ပထမအကြီးကဲလင်းကို မူလစေတီထဲသို့ ချက်ချင်း ပြန်ပို့လိုက်၏။

ထို့နောက် သူ့ပတ်ဝန်းကျင်ရှိ အတားအဆီးကို ကြည့်ကာ အနည်းငယ်တုန့်ဆိုင်းသွားပြီးနောက် ဓားကို ဝှေ့ယမ်းလိုက်သည်။

ဓားစွမ်းအင် ကြိုးတစ်ချောင်းက ရှေ့ကို ပြေးထွက်လာပြီး အတားအဆီးကို ပိုင်းချလိုက်သည်။

သို့သော် အသံတစ်သံမျှပင် မကြားရဘဲ အတားအဆီးသည် အနည်းငယ် တုန်ခါသွားရုံသာ ဖြစ်သည်။

ယန်ယဲ့ လည်း ဤမြင်ကွင်းကို မြင်လိုက်ချိန်မှာ အတော်လေး ဝမ်းသာသွားပြီး “မဆိုးဘူး! တကယ်မဆိုးပါဘူး! လူအိုကြီးမန်းယွမ်က တမင်ချဲ့ကားပြောနေတာမဟုတ်ဘူးပဲ။ ဒါက တကယ်ကိုကြောက်စရာကောင်းတဲ့ သူတော်စင်လက်နက်လို့ ပြောရမယ်။"

ယန်ယဲ့က သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်သည့်အခါ အနက်ရောင်အလံ ၄ ခုစလုံးက သူ့လက်ထဲသို့ ပျံတက်သွားသည်။

သူက လက်ထဲရောက်လာသည့် အလံ ၄ ခုကို အချိန်အတော်ကြာထိ စစ်ဆေးကြည့်နေခဲ့သည်။

ထို့နောက် ၎င်းတို့ကို မည်သို့အသုံးချရမည်ကို သိရှိသွား၏။

ဟာကျူလီသံချပ်ကာ ကဲ့သို့ပင်တည်း။ သူ၏သွေးအဆီအနှစ်တစ်စက်ကို အလံ တစ်ချင်းစီအပေါ်ချလိုက်ရာ သူ၏ စိတ်ဝိညာဉ်အသိထဲသို့ ဆက်နွယ်မှုတစ်ခုဝင်ရောက်လာသည်ကို ချက်ချင်းခံစားလိုက်ရသည်။

အတားအဆီးကိုအသက်သွင်းရန်အတွက်
အဆင့်လွန်စွမ်းအင်ကျောက်တုံးများလိုအပ်သ
ည်။
အလံတစ်ခုချင်းစီဖြင့်ဖန်တီးထားသောအတား
အဆီးများကိုအဆင့်အမျိုးမျိုးခွဲခြားထားသည်။
ကောင်းကင်အဆင့်၊ မြေကမ္ဘာအဆင့်နှင့်
ဆန်းကြယ်အဆင့် ဟူ၍ပင်။
အဘိုးအိုမန်းယွမ် အစောပိုင်းက ဖန်တီးခဲ့သည့်
အတားအဆီးက
အနိမ့်ဆုံးအဆင့်အတားအဆီးဖြစ်သည့်
ဆန်းကြယ်အဆင့် ပါ။

ငင်းက အဆင့်နိမ့်ဆုံးအတားအဆီးဖြစ်ရာ
ကျန်အဆင့် ၂ ခုနှင့် ယှဉ်လျှင်
အဆင့်လွန်စွမ်းအင်ကျော်ကျော်တုံး
အနည်းငယ်သာအသုံးပြုရ၏။
သို့တိုင် ၎င်းကို ဖန်တီးရန်အတွက်
အဆင့်လွန်စွမ်းအင်ကျော်ကျော်တုံး ၁၀၀၀ ခန့်
လိုအပ်သည်။

သို့သော် ထိုအရာက ယန်ယွဲ့ အတွက်
အလွန်ကြောက်စရာကောင်းသည်။

အဘယ်ကြောင့်ဆိုသော် အဆိုပါ
အဆင့်လွှန်စွမ်းအင်ကျောက်တုံး ၁၀၀၀ က
အတားအဆီးကို ဖန်တီးနိုင်စွမ်းရှိသော်လည်း
၎င်းကို ထိန်းချုပ်ထားရန် စွမ်းအင်များစွာ
လိုအပ်သောကြောင့်ပင်။

ယေဘုယျအားဖြင့် အဘိုးအိုမန်းယွမ်က
အသက်ရှူချိန် ၁၀၀ လောက်သာ
ထိန်းချုပ်ထားသော်လည်း
အဆင့်လွှန်စွမ်းအင်ကျောက်တုံး ၅၀၀၀
ထက်မနည်း ကုန်ဆုံးသွား၏။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၀၀ - အဲဒီနေရာမှာ

တကယ်ရှိနေသလား

ဟုတ်သည်။ ၎င်းသည် မြေကမ္ဘာအဆင့်၊

ကောင်းကင်အဆင့် တို့နှင့် ယှဉ်ပါက

အလွန်ပင်သေးငယ်၏။

မြေကမ္ဘာအဆင့်အတားအဆီးတစ်ခုကို

ဖန်တီးလိုက်ရုံဖြင့်ပင်

အဆင့်လွှန်စွမ်းအင်ကျောက်တုံး ၅၀၀၀
လိုအပ်သည်။ ထို့အပြင် အသက်ရှူ
တစ်ရှိုက်စာတိုင်း
အဆင့်လွှန်စွမ်းအင်ကျောက်တုံး ၁၀၀
ထောက်ပံ့ထားရပေမည်။

ကောင်းကင်အဆင့်ကတော့
ပို၍ပင်ကြောက်စရာကောင်း၏။

အဆင့်လွှန်စွမ်းအင်ကျောက်တုံး ၂၀၀၀၀
လိုအပ်သည့်အပြင် အသက်ရှူ ၁၀
ရှိုက်စာတစ်ကြိမ်
အဆင့်လွှန်စွမ်းအင်ကျောက်တုံး ၁၀၀၀၊
အသက်ရှူ ၁၀၀၀ တွင်

အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁၀၀၀၀၀ ဖြစ်သည်။

ယန်ယဲ့၏ စိတ်ထဲ၌ အကယ်၍ အခြားရွေးချယ်စရာရှိပါက ၎င်းကို လုံးဝအသုံးမပြုဟု ဆုံးဖြတ်လိုက်သည်။

ထို့နောက် အလံများကို သိမ်းလိုက်ပြီး အဘိုးအိုမန်းယွမ်၏ သိုလှောင်လက်စွပ်ထဲကို စစ်ဆေးကြည့်လိုက်ပါသည်။

အထဲရှိ အရာများက အတော်ကို လေးများပြား၏။ ဤတစ်ကြိမ်တွင် သူက

အကျိုးအမြတ်ကြီးကြီးမားမားရခဲ့သည်ဟုဆိုနို
င်သည်။

တာအိုနက်လက်နက်များနှင့် တာအိုနည်းစနစ်
အနည်းငယ်ပင်ရှိနေ၏။ အများစုမှာ
အသုံးမဝင်သော်လည်း ရောင်းလျှင်
အဆင့်လွန်စွမ်းအင်ကျောက်တုံးများစွာရနိုင်
သေးသည်။

ထို့အပြင် သိုလှောင်လက်စွပ်ထဲ၌
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၅၀၀၀
ခန့်ပင်ရှိနေ၏။ ၎င်းသည် ယန်ယွဲ့ အတွက်
အလွန်အရေးပါသော အရင်းအမြစ်ဖြစ်သည်။

နောက်ဆုံးတော့ သူက လက်တလော
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၅၀၀၀
လောက် ဆုံးရှုံးထားရသည်။

ထိုစွမ်းအင်ကျောက်တုံး ၅၀၀၀ ကို
တွေးကြည့်သောအခါ ယန်ယဲ့၏
နှလုံးသားသည် နာကျင်ဆဲပင်။
ကံကောင်းထောက်မစွာ သူသည်
ဘိုးအိုမန်းယွမ်ထံကနေ
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၅၀၀၀
ပြန်ရလိုက်၏။

အတိတ်မှာတော့ သူ့တွင်
ထောင်သောင်းချီသော
အဆင့်လွန်စွမ်းအင်ကျောက်တုံးများ
ပိုင်ဆိုင်ထားသဖြင့် တစ်လျှောက်လုံး
အသုံးပြုနိုင်သည်ဟု ယူဆထားခဲ့သည်။
သို့သော် မြင့်မြတ်နယ်မြေ သို့
ရောက်လာသည့်နောက်တွင်
ထိုစဉ်ကအတွေးဟာ
စိတ်ကူးယဉ်သက်သက်သာဖြစ်သည်ကို
သိလိုက်ရတော့၏။

ဤအချိန်တွင်မူ သူက အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁၀၀၀၀ ခန့်နှင့် နှစ် ၁၀၀၀ သက်တမ်းရှိ မီးသလင်းကျောက် ၇ လုံး ပိုင်ဆိုင်ထားပါသည်။

သို့ရာတွင် ဤမျှဖြင့် မလုံလောက်ကြောင်းရှင်းရှင်းလင်းလင်းသိထား၏။

အနည်းငယ်သော တိုက်ပွဲသည်ပင် သူပိုင်ဆိုင်ထားသည့် အားလုံးကိုဆုံးရှုံးစေနိုင်သည်။

လက်ရှိ သူ့အတွက် အရေးကြီးသော ကိစ္စမှာ
အမှတ်များရရှိရန်သာမက
ငွေရှာရန်လည်းဖြစ်သည်။

ယန်ယဲ့သည် အဘိုးအိုမန်းယွမ်ကို
တစ်ညလုံးနီးပါး သန့်စင်ပြီးနောက် ဓားအစေခံ
အဖြစ် ပြောင်းလဲနိုင်ခဲ့၏။

အစပိုင်းတွင် သူ့အတွက် အတော်လေးခက်ခဲပြီး
အလောင်းကို ပျက်စီးလုနီးပါးပင်။

ကံကောင်းထောက်မစွာပဲ
ညဏ်အလင်းရဓားနှလုံးသားဖြင့် နည်းစနစ်ကို
တဖြည်းဖြည်းချင်းဆုပ်ကိုင်မိလာသည်။

ဤအချိန်တွင် သူက
သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံတစ်ဦး
ထပ်မံရသွားပါပြီ။

..........

နောက်တစ်နေ့ နံနက်စောစောတွင် ငရဲကေရိက
ယန်ယဲ့၏ အခန်းရှေ့သို့ ရောက်လာခဲ့သည်။
“ယန်မန်း၊ အခန်းထဲကနေ ထွက်လာတော့။
ငါတို့ အခု ခရီးစထွက်လို့ရပြီ!"

ယန်ယဲ့ သည် အခန်းတံခါးကို

ဖြည်းညှင်းစွာဆွဲဖွင့်လိုက်ကာ

အပြင်သို့ထွက်လာခဲ့သည်။

သူက ငရဲကေရီကို ခေါင်းညိတ်ပြကာ

"ကောင်းပြီလေ၊ သွားရအောင်။"

"မနေ့ညက အားလုံးအဆင်ပြေရဲ့လား"

ငရဲကေရီက ရုတ်တရက်မေးလိုက်သည်။

ယန်ယဲ့က သူမကို တစ်ချက်စိုက်ကြည့်ရင်း

“အဆင်ပြေပါတယ်။ ငါ မိုးလင်းတဲ့အထိ

အိပ်လိုက်တယ်!"

သူမက ယန်ယဲ့ကို ခဏကြာ စိုက်ကြည့်ရင်း ခေါင်းညိတ်ပြသည်။ "သွားရအောင်!"

သူတို့ မျှော်စင်မှ ထွက်လာသည်နှင့် တပြိုင်နက် ယန်ယဲ့ဟာ အသင့်စောင့်နေသည့် ချင်းမင် နှင့် ဝမ်ယန်ကို မြင်လိုက်၏။

နှစ်ယောက်စလုံး အကြည့်များကို မရုပ်သိမ်းခင် အသိအမှတ်ပြုဟန်ဖြင့် ကိုယ်စီခေါင်းညိတ်လိုက်ကြသည်။

ထိုအချိန်တွင် သူတို့နှင့် မလှမ်းမကမ်း၌
မိန်းမငယ်လေးငယ်တစ်ယောက်
ရပ်နေသည်ကို သတိပြုမိပြီး ယန်ယဲ့၏
အမူအရာသည် ချက်ချင်းပင်
ပြောင်းလဲသွားသည်။ ထိုမိန်းကလေးသည်
အခြားသူမဟုတ်ပေ။
ပျော့ပြောင်းသည့်နည်းလမ်းဖြင့်
သူ့ကိုလုယက်ခဲ့သော ယင်ယင်ပင် ဖြစ်သည်။

မျှော်စင်ထဲကနေ ယန်ယဲ့ထွက်လာသည်ကို
မြင်လိုက်သည်နှင့် ယင်ယင်၏
မျက်နှာသေးသေးလေးက

ချစ်စဖွယ်အပြုံးလေး ပေါ်လာသည်။ သူမက "အစ်ကိုကြီး၊ နင် ဒီကိုရောက်နေတာလား !"

ယန်ယဲ့က စိတ်မသက်မသာ ပြုံးပြရင်း "တိုက်ဆိုင်လိုက်တာ….”

သူပြောလိုက်သည့် စကားကို ကြားလိုက်ချိန်တွင်တော့ ဘေးမှာရပ်နေသော ဝမ်ယန်၊ ချင်းမင်နှင့် ငရဲဧကရီ တို့သုံးယောက်လုံး အံ့အားသင့်စွာဖြင့် ယန်ယဲ့ကိုစိုက်ကြည့်နေကြသည်။

ယန်ယဲ့ သည် သူတို့၏အကြည့်များကို သတိပြုမိသောအခါ တံတွေးတစ်လုတ် မျိုချလိုက်သည်။ "မဟုတ်ဘူး.. အားလုံးက သူမကို မမြင်ရဘူးလို့တော့ မပြောနဲ့!"

ဤစကားကို ထပ်ကြားလိုက်သည့်အခါ ဝမ်ယန်နှင့် ချင်းမင် တို့နှစ်ဦးလုံး မျက်ခုံးများ တင်းကျပ်သွားကြသည်။
သူတို့၏အကြည့်ထဲတွင် အံ့သြနေဟန်များ ပို၍ နက်ရှိုင်းလာသည်။

ယန်ယဲ့၏ ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး ငရဲကေရီ ကို စိုက်ကြည့်ကာ "ငရဲကေရီ၊ မင်းကော။ မင်းသူ့ကို မမြင်ရဘူးလား"

ငရဲကေရီက ယန်ယဲ့ ကြည့်နေသည့်နေရာဖက်ကို လှမ်းကြည့်လိုက်သည်။ ခဏအကြာတွင် သူမက "အဲဒီမှာ တစ်ယောက်ယောက်ရှိနေတာ သေချာလား" ဟုမေးလိုက်သည်။

ယန်ယဲ့ဟာ ငရဲကေရီ၏ အမေးကြောင့် ဘာပြောရမှန်းပင်မသိတော့ပေ။

၉၀၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၀၁ - ယင်နှင့်ယန် ပြောင်းပြန်လှန်

ဤတစ်ကြိမ်မှာတော့ ယန်ယဲ့သည် ကျောရိုးအောက် အေးစက်သွားသလို ခံစားလိုက်ရလေသည်။

သူတော်စင်တစ်ပိုင်းအဆင့်များကို
သတ်နိုင်သည့် ငရဲကေရိက
အလွန်အစွမ်းထက်သည်မဟုတ်ပါလား။
သူ့အမြင်တွင် ငရဲကေရိက သူမကို
မြင်သင့်သည်။ သို့သော်လည်း ငရဲကေရီ လိုမျိုး
ပညာရှင်တစ်ယောက်ကပင် ယင်ယင်ကို
မမြင်နိုင်သည်ဖြစ်ရာ ၎င်းက
အလွန်ကြောက်စရာကောင်းမှန်းသိသာသွားပါ
သည်။

"သွားရအောင်!" ငရဲကေရိက
စကားပြောပြီးသည်နှင့် အဝေးသို့

ပျံ့သန်းလိုက်သည်။ ထိုအချိန်တွင် ဝမ်ယန် နှင့် ချင်းမင် တို့သည် မထွက်ခွာမီ ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

ငရဲကေရီ နှင့် အခြားသူများ ထွက်သွားသည်နှင့် ယင်ယင်က ရုတ်တရက် ပြောလာသည်။ "အစ်ကိုကြီး၊ အဲဒီအစ်မကြီးက လိမ်နေတယ်!"

"သူမလိမ်ခဲ့တာလား?" ယန်ယဲ့က အံ့သြသွားပြီး "မင်းဘာကိုဆိုလိုတာလဲ"

ယင်ယင်က ချစ်စဖွယ် ပြုံးပြီး "သူက ယင်ယင်ကို မြင်နိုင်တယ်" ဟု ပြောလိုက်ပါသည်။

ယန်ယဲ့၏ အမူအရာသည်လည်း အနည်းငယ် ပြောင်းလဲသွားသည်။

"သူမက ယင်ယင်ကို မြင်နိုင်တယ်၊ ဒါဆို ဘာလို့ မခံနိုင်သလို လုပ်ရတာလဲ။"

တစ်ချိန်တည်းမှာပင် ယင်ယင် က “အစ်ကိုကြီး၊ နင်က သူ့အနားမှာ ရှိနေရင် သတိထားရမယ်” ဟု ဆက်ပြောပါသည်။

"ဘာကြောင့်လဲ?" ယန်ယဲ့က မေးလိုက်၏။

"သူမ အသက်မရှင်ပါဘူး!" ယင်ယင် က "သူမမှာ အသက်စွမ်းအင် မရှိဘူး။ လူသားတစ်ယောက်ရဲ့အငွေ့အသက်ကိုလည်း ပိုင်ဆိုင်မထားဘူး။ ဒါ့အပြင် သူမရဲ့ သက်တမ်းက အချိန်တော်တော်ကြာကတည်းက ကုန်ဆုံးသွားပြီ။"

"ဒါဆို သူဘာလို့ အသက်ရှင်နေသေးတာလဲ"
ယန်ယဲ့က အတော်လေး သိချင်သွားသည်။

ယင်ယင်က ပြုံးပြီး "ယင်နှင့်ယန်
ပြောင်းပြန်လှန်!"

"ယင်နှင့်ယန်ကို ပြောင်းပြန်လှန်လိုက်တာလား"
ယန်ယဲ့ သည် မျက်မှောင်ကြုတ်လိုက်သည်။

ယင်ယင်က ယန်ယဲ့ ဆီသို့ လျှောက်လာပြီး
"အစ်ကိုကြီး၊ ယဉ်ယင်မြင်နိုင်တဲ့လူတွေအပြင်

ယင်ယင်ကိုမြင်နိုင်တဲ့ တခြား၂

မျိုးပဲရှိတယ်ဆိုတာ နင်သိလား။

ပထမတစ်မျိုးက

အရမ်းကြောက်စရာကောင်းတဲ့သူတွေ၊

ဒုတိယကတော့ သေလွန်သူတွေပဲ။

အဲဒီအစ်မကြီးက

တစ်စိတ်တစ်ပိုင်းသေနေတာလို့ပြောနိုင်တယ်။

အစ်ကိုကြီး၊ နင်က ဘယ်အမျိုးအစားလဲ

သိလား"

"မင်း ငါ့ကိုတွေ့ခွင့်မပေးဘူးလား" ယန်ယဲ့က

အံ့သြသွားသည်။

သူမက ခေါင်းခါပြပြီး "ငါ ဗိုက်ဆာတဲ့အတွက် အစကတည်းက ကြံခဲ့ရတာပါ။ ဒါပေမဲ့ အစ်ကိုကြီးက တွေ့မယ်လို့ မမျှော်လင့်ထားဘူး။"

ထိုစကားကို ကြားလိုက်ရာ ယန်ယွဲ့၏ နဖူးကနေ ချွေးအေးများ စီးကျလာသည်။

"ငါလည်း အသက်မရှင်တော့ဘူးလို့တော့ မပြောနဲ့နော်။"

ယင်ယင်က “နှင် သေချာပေါက်

အသက်ရှင်နေသေးတာပါ။ ဘာလို့လဲဆိုတော့

နှင့်မှာ လူသားတစ်ယောက်ရဲ့ အငွေ့အသက်နဲ့

အသက်စွမ်းအင်ရှိတယ်။ ဒါပေမဲ့ နှင်က

အရမ်းအားနည်းနေတာကို ဘာလို့ ယင်ယင်ကို

မြင်နိုင်တာလဲ။ အရမ်းထူးဆန်းတယ်။"

"အရမ်းအားနည်းတယ်…။"ယန်ယွဲ့ သည်

ပါးစပ်ထောင့်များ  လှုပ်ယမ်းသွားသည်။

ခဏလောက် တုံ့ဆိုင်းသွားပြီး “မင်း

ဘယ်လောက် သန်မာလဲ” ဟု ယင်ယင်ကို

မေးလိုက်သည်။ ဤအရာ သူ့စိတ်ထဲ အတော်လေးသိချင်နေသည့် မေးခွန်းပါ။

"အရမ်း!"

"ဘယ်လောက်လဲ?"

သူမ မျက်တောင်ခတ်ပြီး “ဒီမြို့ကလူတိုင်းကို ငါစားနိုင်တယ်!”

ယန်ယဲ့ ဟာ စကားမပြောနိုင်ပေ။

ယင်ယင်က ချစ်စဖွယ် ပြုံးပြရင်း ဗုဒ္ဓမျှော်စင်သို့ လျှောက်သွားသည်။

ဝင်ပေါက်ကိုရောက်သည့်အခါ ယန်ယဲ့ကို လှည့်ကြည့်လိုက်ရင်း "အစ်ကိုကြီး၊ နင်နောင်မှာ ငါနဲ့ကစားလို့ရတယ်။ ငါ့အတွက် စားစရာတွေထပ်ယူလာပေးရင် ပိုကောင်းလိမ့်မယ်!" သူမ လှည့်ကြည့်ကာ မျှော်စင်ထဲသို့ လျှောက်သွားသည်။

ယန်ယဲ့ သည် ယင်ယင် ပျောက်ကွယ်သွားသည့်နေရာကို အကြာကြီး စိုက်ကြည့်နေသည်။

ဤအချိန်တွင် သူ့စိတ်က အနည်းငယ် ကမောက်ကမ ဖြစ်နေသည်။

" ငရဲကေရီက အသက်မရှင်တော့ဘူးလား။ ဒါဆိုသူမကဘာလဲ။ ဝိညာဉ်တစ်ခု? သူမပြောခဲ့တဲ့ ယင်နှင့်ယန် ကို ပြောင်းပြန်လှန်တာက ဘာလဲ။ ယင်ယင်ကို ဘာကြောင့် မြင်နိုင်ရတာလဲ။"

ယန်ယဲ့သည် သူ၏ဦးနှောက်ကို အတင်းတွန်းအားပေးပြီး စဉ်းစားနေသည့်တိုင် အဖြေထွက်မလာခဲ့ပေ။ ယင်ယင်ကလည်း သူ့ကို အဖြေပြောမပြခဲ့ပါ။

ယန်ယဲ့ သည် နေရာတွင်
အချိန်တော်တော်ကြာသည်ထိ
တိတ်ဆိတ်နေပြီးမှ
ရုတ်တရက်ပျောက်ကွယ်သွားပါသည်။

ယန်ယဲ့ သည် အမည်မဲ့မြို့မှ
ထွက်လာပြီးနောက် ငရဲကေရီကို
မြင်လိုက်သော်လည်း ဝမ်ယန်နှင့် ချင်းမင်တို့
ရှိမနေသည်ကို သတိပြုမိလိုက်၏။

"သူတို့ ရှေ့ကိုရောက်သွားပြီ!" ငရဲကေရီက ဦးစွာ ပြောသည်။

ယန်ယဲ့က  ခေါင်းညိတ်ပြီး "သွားရအောင်!"

သူမက ရုတ်တရက် “ဘာလို့လဲလို့ မေးမှာမဟုတ်ဘူးလား”

ယန်ယဲ့က  ခေါင်းခါပြီး “မင်းဆန္ဒရှိရင် ငါ့ကိုပြောပြလို့ရတယ်။ မဟုတ်ရင် မေးဖို့က ငါ့အတွက် အဓိပ္ပါယ်မရှိဘူး”

ငရဲကေရီက ရုတ်တရက် “နောက်ကျရင် သူမနဲ့ ရင်းရင်းနှီးနှီး မနေပါနဲ့"ဟ ဆိုသည်။

"ဘာကြောင့်လဲ?" ယန်ယဲ့က မေးလိုက်သည်။

ငရဲကေရီက မပြောခင် ခဏလောက် တိတ်တိတ်လေး ငြိမ်ကျသွားပြီး “သူက အရမ်းအန္တရာယ်များတယ်။ သူမ နင့်ကို သတ်ချင်တယ်ဆိုရင် အခု နင်ပိုင်တဲ့ ခွန်အားနဲ့ လုံးဝ ခုခံနိုင်မှာ မဟုတ်ဘူး။”

ယန်ယဲ့က ငရဲကေရီကို စိုက်ကြည့်ရင်း “ဒါက အကြောင်းအရင်းအမှန်ပဲလား”

ငရဲကေရီက အချိန်တော်တော်ကြာထိ တိတ်ဆိတ်နေကာ သူမက "သူမရဲ့ဇာတ်မြစ်ကို နှင်ရှာတွေ့ပြီလို့ ငါထင်ပါတယ်။ ဟုတ်တယ်၊ သူမက ကောင်းကင်ပြင်ပကပါ။ ကောင်းကင်ပြင်ပက လူအများစုဟာ သနားစရာကောင်းတဲ့ လူတွေလို့ ပြောလို့ရတယ်။

သူတို့ ကြောက်စရာကောင်းတာက သနားစရာကောင်းလို့ပဲ။ ဘာကြောင့်လဲ

ဆိုတော့ သူတို့ထဲက အများစုရဲ့စိတ်တွေ
ကမောက်ကမ ဖြစ်နေလို့ပါ။ သူတို့ရဲ့
စိတ်ခံစားချက်တွေက လမ်းမှားလွဲသွားလို့
အရမ်းကြောက်စရာကောင်းလာတယ်။
ဒါကြောင့် ဒီလိုလူတွေနဲ့ ထိတွေ့မိရင်
အချိန်မရွေး သေသွားနိုင်တယ်!”

ယန်ယဲ့ သည် ခဏတာ ငြိမ်သက်သွားခဲ့ပြီး
“သတိပေးတာအတွက် ကျေးဇူးတင်ပါတယ်။
စိတ်ထဲမှာ သိမ်းထားလိုက်မယ်။
သွားကြရအောင်!"

၉၀၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၀၂ - နဂါးမျိုးနွယ်စု

သူမ ယန်ယဲ့ကို မော့ကြည့်ပြီးနောက် စကားတစ်ခွန်းမှ မပြောတော့ပေ။ လေထဲသို့ပျံဝဲသွားပြီး ယန်ယဲ့ လည်း နောက်ကနေ လိုက်ပါလာခဲ့၏။

၂ နာရီကြာပြီးနောက် ၄င်းတို့အဖွဲ့သည်
နောက်ဆုံးတွင် ငရဲပင်လယ်သို့
ရောက်ရှိလာခဲ့ကြသည်။

ယန်ယဲ့ သည် ကမ်းစပ်မှာရပ်နေပြီး ရှေ့မှ
ငရဲပင်လယ်ကို ငေးကြည့်ရင်း ရုတ်တရက်
မျက်မှောင်ကြုတ်သည်။

ငရဲပင်လယ် သည် အကန့်အသတ်မရှိပေ။
လေတိုက်ခတ်ခြင်း သို့မဟုတ် လှိုင်းလုံးများကို
မမြင်နိုင်ဘဲ
သေခြင်းအငွေ့အသက်များနှင့်ပြည့်နေသော
ရေကန်ကြီးတစ်ခုလိုပင်။

အရေးအကြီးဆုံးကတော့ ပင်လယ်ရေက အပြာရောင်။

ထိုအချိန်တွင် ငရဲကေရီက သူမ၏လက်ချောင်းကို ပွတ်တွဲလိုက်ရာ အဖြူရောင်အလင်းတန်းတစ်ခု လင်းလက်လာသည်။

ထို့နောက်မှာတော့ ရွှေဝါရောင်အက္ခရာ ၂ လုံးစီ ပေါ်လာသည်။ သူမက “ဒီအထဲက တစ်ခုက ဒြပ်စင်ငါးမျိုးနတ်ဘုရားအဆောင်လို့ခေါ်တယ်။ အဲဒါက နင့်ရဲ့ခွန်အား၊ အရှိန်နဲ့ အကာအကွယ်ကို ၅ ဆ အထိ ၂ နာရီနီးပါး

လောက် မြှင့်တင်ထားနိုင်တယ်။ အဲဒီ ၂ နာရီအတွင်းမှာ သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးကို ယာယီတားဆီးထားဖို့က နင်တို့အတွက် ပြဿနာမဖြစ်သင့်ပါဘူး။ ဟုတ်တယ်မလား။"

"ပြဿနာမရှိပါဘူး!" ဝမ်ရန်က ပထမဆုံးတုန့်ပြန်လိုက်သူပါ။

“ဒါက ပြဿနာမဟုတ်ဘူး!” ချင်းမင်ကလည်း ခေါင်းညိတ်ကာ ချက်ချင်းပြောလိုက်သည်။

ယန်ယဲ့ သည် သူ့လက်ထဲတွင်ရှိနေသော ရွှေရောင်စာတန်းကို စိုက်ကြည့်ပြီးနောက် ခေါင်းယမ်းလိုက်သည်။ သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးနှင့် ထိပ်တိုက်ရင်ဆိုင်နေစဉ် သူ့ခွန်အား၊ အရှိန်နှင့် ၅ ဆ တိုးအကာအကွယ်တို့လာပါက ၎င်းတို့ကို မသတ်ဘဲထားရမည်လော။ သို့သော် မသတ်ဘဲ တားဆီးထားရမည်ဆိုလျှင်လည်း ပြဿနာကြီးကြီးမားမားတော့ မဟုတ်ပါ။

ငရဲကေရီက ခေါင်းညိတ်ပြီး "နောက်အဆောင်တစ်ခုက

သတ်ဖြတ်ခြင်းအဆောင်လို့ခေါ်တယ်။ အဲဒါက အရေးကြီးနေတဲ့အချိန်မှာ နင့်နေရာမှာ ယာယီအစားထိုးဖို့ ရုပ်သေးတစ်ခုကို ဆင့်ခေါ် နိုင်တယ်။ အဲဒါက နင်ခံစားရတဲ့ ဒဏ်ရာတွေကို ၅၀ ရာခိုင်နှုန်းလောက် စုပ်ယူပေးနိုင်တယ်။

ဒီတော့ အဲဒီရုပ်သေးသာ လက်ထဲရှိနေရင် ဒီလောကရဲ့

ထိပ်ဆုံးပညာရှင်တစ်ယောက်ယောက်နဲ့ မဆုံသရွေ့တော့ တခြားတစ်ယောက်ကို လုပ်ကြံသတ်ဖြတ်တာက အလွယ်လေးပဲ။

တစ်ခုတော့ရှိတယ်၊ အဲဒါကို တစ်ကြိမ်ပဲ
သုံးလို့ရတယ်။”

သူတို့အားလုံး သိသိသာသာ
တုန်လှုပ်သွားကြသည်။

သူတို့ရရှိခဲ့တဲ့ ပျက်စီးမှု၏ ၅၀ ရာခိုင်နှုန်းကို
စုပ်ယူနိုင်စွမ်းက မည်သို့နည်း။

ငရဲကေရီ ပြောလိုက်သည့်စကားကြောင့်
အံ့သြတုန်လှုပ်သွားကြခြင်းပင်။

ဤကမ္ဘာ၏ ထိပ်ဆုံးရောက်ပညာရှင်တစ်ဦးနှင့်
မတွေ့ဆုံပါက ၎င်းတို့ကို

တိုက်ခိုက်မှုတစ်ခုတည်းဖြင့် သတ်ပစ်နိုင်သူ လုံးဝမရှိပေ။

တစ်ဖက်တွင်မူ ယန်ယဲ့၏ အမြင်အရ အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့် ပင်လျှင် တိုက်ခိုက်မှုတစ်ခုတည်းဖြင့် သူ့ကို မသတ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် သူ၏ ရုပ်ခန္ဓာအကာအကွယ်က ကောင်းကင်ဘုံကိုပင် အန်တုနေပေါပြီ။

ငရဲကေရိက ဆက်ပြောသည်၊ "ဒီအချိန်မှာ ငါတို့ရဲ့မစ်ရှင်ဟာ ရိုးရှင်းတယ်လို့ ဆိုနိုင်ပေမယ့်

ဒါဟာ အရမ်းခက်ခဲတယ်လို့လည်း
ပြောနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့
အဲဒီကျောက်ခေါင်းတလားတွေရဲ့ဇစ်မြစ်ကို
ရှာဖွေနိုင်ရင် ဒါမှမဟုတ် ငါတို့နဲ့အတူ
ပြန်ယူသွားနိုင်ရင် မစ်ရှင်ပြီးမြောက်မယ်လို့
ယူဆတာကြောင့်ပါ။ ဒါပေမယ့်
ချောချောမွေ့မွေ့ဖြစ်မလာနိုင်ဘူးဆိုတာ
အားလုံးကို ရှင်းရှင်းလင်းလင်း
သိထားသင့်တယ်လို့ ငါထင်ပါတယ်။”

"ရိုးရိုးလေးသာဆိုရင် ငါတို့ကို
မင်းနဲ့လိုက်ခဲ့ခိုင်းမှာမဟုတ်ဘူး။" ဝမ်ရန်က

"မြင့်မြတ်တဲ့ကေရီ၊ ကြီးမားတဲ့ အကျိုးကျေးဇူးတွေနဲ့ အကျိုးအမြတ်တွေဟာ အန္တရာယ်ရှိမယ်ဆိုတာ သဘာဝပဲ။ အဲဒါကို ငါတို့ နားလည်ပါတယ်။”

ရှစ်….ရှစ်….ရှစ်

ရုတ်တရက်ပင် လေချွန်သံများ ဆက်တိုက်ထွက်ပေါ်လာသည်။ ထို့နောက် အမျိုးသား ၃ ယောက်နှင့် မိန်းမပျို ၁ ယောက်တို့က ယန်ယွဲ့နှင့်အဖွဲ့ ရှေ့တွင် ပေါ်လာသည်။

အဖွဲ့ကို ဦးဆောင်လာသူက ယန်ယဲ့ နှင့် အခြားလူများကို မြင်သောအခါ အနည်းငယ် ထိတ်လန့်သွားပြီး နောက်ဆုံးတွင် သူ့အကြည့်များသည် ငရဲကေရီ အပေါ် ကျရောက်သွား၏။

သူက “မင်းဟာ မြင့်မြတ်ခန်းမတော်ထဲက ငရဲကေရီ မဟုတ်လား။”

ငရဲကေရီက ညင်သာစွာ ခေါင်းညိတ်သည်။

"ဒါဆို မင်းက မြင့်မြတ်အဆင့်ရဲ့ အဆင့် ၁ ပညာရှင် ငရဲကေရီ ပေါ့။" အဖွဲ့ကို

ဦးဆောင်လာသူ၏ နံဘေးတွင် ရပ်နေသော ခပ်ထွားထွားလူငယ်က ရုတ်တရက် အေးစက်စွာ ရယ်မောကာ “မင်းက မြင့်မြတ်နယ်မြေမှာ နံပါတ်တစ် ပါရမီရှင် ဖြစ်တယ်လို့ သူတို့က ပြောကြတယ်။ ငါမန်းလီက အဲဒါကို အရမ်းသံသယဖြစ်မိတယ်။ ဘာလို့ ငါတို့ ဒီမှာတွေ့တုန်း စမ်းသပ်မကြည့်တာလဲ။”

ငရဲကေရီက အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။ တစ်ချိန်တည်းမှာပဲ ဝမ်ရန်က

“ဦးဆောင်လာတဲ့သူကတော့ နဂါးမျိုးနွယ်ရဲ့
သခင်ငယ်ပဲ။ သူ့နာမည်က လုံရှမ် လို့ခေါ်တယ်၊
နဂါးမျိုးနွယ်စုရဲ့နံပါတ်တစ် ပါရမီရှင်လို့
သတ်မှတ်ထားတယ်။ တစ်ချိန်တုန်းက
သူတော်စင်တစ်ပိုင်းအဆင့်လူသားပညာရှင်ကို
ဝါးမြိုဖူးတယ်။

သူ့ဘယ်ဖက်မှာရှိနေတာက မန်းကလန်ရဲ့
မန်းလီ။ သူလည်း သူတော်စင်တစ်ပိုင်းအဆင့်
လူသားပညာရှင် တစ်ယောက်ကို
သတ်ပစ်ခဲ့တယ်။

လုံရှမ်ရဲ့ညာဖက် လဲ့ကလန်ရဲ့လဲ့ဟွမ်
လို့ခေါ်တယ်။ သူမကလည်း

သူတော်စင်တစ်ပိုင်းအဆင့်ကို
သတ်ပစ်ခဲ့ဖူးတယ်။ အဲဒီမိန်းမ
အပြင်ထွက်တာကို ငါတစ်ခါမှမတွေ့ဖူးဘူး!"

ဝမ်ရန်၏ စကားကို ကြားလိုက်ချိန်တွင်
ယန်ယဲ့သည် နှလုံးသားတစ်ခုလုံး
တုန်လှုပ်သွားသည်။

ဤအခိုက်အတန့်တွင် မြင့်မြတ်နယ်မြေ၏
ထိပ်ဆုံးရောက်ပါရမီရှင်များဟာ
သူထင်ထားသည်ထက် ပို၍
အားကောင်းသည်ကို
သဘောပေါက်သွားခဲ့သည်။

၎င်းတို့၏ ပါရမီရှင်များသာမကပေ၊
မြင့်မြတ်နယ်မြေ၏ အစစ်အမှန်စွမ်းအားသည်း
သူထင်ထားသည်ထက် အဆပေါင်းများစွာ
ကြောက်စရာကောင်းနေပေသည်။

ဓားဝိညာဉ်၏ပင်မခန္ဓာကိုယ်ကို ကယ်တင်ရန်
အခွင့်ကောင်းရမည်ဟု မူလက
ထင်ထားခဲ့သည်။

သို့သော်လည်း ယခုအခါ အနှောင်အဖွဲ့စေတီသို့
သွားနိုင်သည့်တိုင် သူ၏ လက်ရှိခွန်အားက
လုံးလုံးမလုံလောက်တော့ကြောင်း

သိရှိသွားပါသည်။အကယ်၍
အနှောင်အဖွဲ့စေတီ ထဲ ဝင်ရောက်သွားပါက
ထိုနေရာတွင်ပင် အသက်ပျောက်သွားနိုင်သည်။

"ငါမသန်မာသေးဘူး! ဟုတ်တယ်
သေချာပါတယ်။" မည်သို့ပင်ဖြစ်စေ သူက
ဓားဝိညာဉ်ကိုကယ်တင်ရန် အရှိန်မြှင့်
လုပ်ဆောင်ရပေမည်။

ဤအချိန်တွင် ယန်ယွဲ့ဟာ ဤနေရာမှ
မစ်ရှင်ပြီးဆုံးပြီး အမှတ်များရယူပြီးသည်နှင့်
သူ၏ ဓားအစေခံ ပထမအကြီးကဲလင်းကို

အလယ်အလတ်အဆင့် ဓားအစေခံထိ

မြှင့်တင်ပေးရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက်

သူက အနှောင်အဖွဲ့စေတီထဲသို့ ဝင်နိုင်ပြီး

အန္တရာယ်တွေ့လာလျှင်ပင်

လွတ်မြောက်နိုင်သေးသည်။

ယန်ယဲ့ သည် အမှတ်များရရန်

စဉ်းစားနေရင်းဖြင့် စိတ်မရှည်တော့ဘဲ

ငရဲကေရီကို စိုက်ကြည့်ကာ “ငါတို့

ခေါင်းငုံ့ခံသင့်သလား” ဟုဆိုသည်။

မစ်ရှင်ပြီးသရွေ့ အနည်းဆုံး အမှတ် ၁၀၀,၀၀၀

ရရှိနိုင်မည်ဖြစ်သည်။ ၎င်းသည် သူ့အား အနှောင်အဖွဲ့စေတီ သို့ ဝင်ရောက်နိုင်သင့်၏။

ငရဲကေရီက လုံ့ရှမ်နှင့် အဖွဲ့ကို စိတ်မဝင်စားသောကြောင့် ချက်ချင်း ခေါင်းညိတ်ကာ "သွားစို့!"

"အဲဒီမှာ ရပ်လိုက်!" ပင်လယ်အောက်ခြေသို့ ခုန်ဆင်းရန် ပြင်နေသည်ကို ကြည့်ရင်းဖြင့် မန်းလီက ရုတ်တရက် အေးစက်စက် ရယ်မောလိုက်သည်။ “မင်းလို

ထိပ်ဆုံးရောက်ပညာရှင်က ဒီလောက်
ကြောက်နေတာတော့မဟုတ်ပါဘူးနော်”

ယန်ယဲ့က ထိုစကားကို ကြားလိုက်ချိန်တွင်
အေးစက်စက် ပြန်ပြောလိုက်၏။ "ဟေး၊
မင်းဒုက္ခရှာနေတာလား"

မန်းလီက အေးစက်စွာ ရယ်မောပြီး
"မင်းလိုချင်ရင် ဒီလိုမျိုး တွေးကြည့်လို့ရတယ်"
ဟု ပြောလေသည်။

ယန်ယဲ့ သည် အလွန် အံ့အားသင့်သွားသည်။
ဤလူများက တမင်သက်သက်
ဒုက္ခရှာလာလိမ့်မည်ဟု မမျှော်လင့်ထားပေ။
 ထိုအချိန်တွင် ဝမ်ရန်က ရုတ်တရက်ပြောသည်
"တခြားမျိုးနွယ်တွေက
ငါတို့လူသားမျိုးနွယ်တွေအပေါ်
ရန်လိုလွန်းတယ်။ ဒါ့ကြောင့်
ငါတို့လူသားတွေက တခြားမျိုးနွယ်စုဝင်တွေနဲ့
ရင်ဆိုင်တွေ့ရင် တန်းပြီး
ပြဿနာတက်တော့တာပဲ။"

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၀၃ - မင်း ဒါကို မတတ်နိုင်ဘူး

"ဒါ လူမျိုးရေး ခွဲခြားမှုပဲ!" ယန်ယဲ့ သည်
နောက်ဆုံးတွင်
နားလည်သဘောပေါက်လာသည်။

စကားဆက်မပြောတော့ဘဲ ငရဲကေရီကို
ငေးစိုက်ကြည့်နေမိသည်။

မည်သို့ပင်ဆိုစေကာမူ သူမသည် အဖွဲ့ကို ဦးဆောင်ခဲ့သည်။

ငရဲကေရီသည် အချိန်မဖြုန်းချင်ကြောင်း ရှင်းရှင်းလင်းလင်းသိထားသောကြောင့်ပါ။ သူမသည် မန်းလီ၏ အဖွဲ့ကို လျစ်လျူရှုကာ နောက်ပြန်လှည့်ပြီး ငရဲပင်လယ်ဆီသို့ လျှောက်သွားခဲ့သည်။ ယန်ယဲ့ နှင့် အခြားသူများသည်လည်း နောက်ကနေ လိုက်ပါသွားကြသည်။

"မျှော်လင့်ထားသလိုပဲ၊ လူသားတွေဟာ သူ့ရဲ့ဘောကြောင်တယ်!" ထိုအချိန်တွင် မန်းလီက ရုတ်တရက် လှောင်ပြောင်ရယ်မောလိုက်သည်။

မန်းလီ၏ ဘေးတွင် ရပ်နေသည့် လုံ့ရှမ်က တိတ်ဆိတ်နေသည်။ သူ့မျက်နှာမှာတော့ လှောင်ပြောင်သည့် အပြုံးတစ်ခုသာ ရှိနေသည်။

ငရဲကေရီက မရပ်သေး။

ထိုမြင်ကွင်းကို မြင်လိုက်ချိန်တွင် မန်းလီ၏

ပါးစပ်ထောင့်ရှိ လှောင်ပြောင်လိုသော အပြုံးက

ပိုကျယ်လာပြီး "ဒါကြောင့် လူသားမျိုးနွယ်ဟာ

ဒီလို သူ့ရဲဘောကြောင်မှုတွေနဲ့

ပြည့်နှက်နေတယ်။ ငါပြောပြီးပြီ၊ ဒါတောင်

မင်းတို့အားလုံး စိတ်မဆိုးကြဘူး။

မင်းတို့အားလုံး ညံ့ဖျင်းတဲ့ခွေးလိုစိတ်တွေနဲ့

ကြီးပြင်းလာကြတာလား။"

ဤတစ်ကြိမ်တွင် ငရဲကေရီ အပါအဝင်

အခြားသူများလည်း တစ်ပြိုင်နက်

ရပ်သွားခဲ့ကြသည်။

ဤမြင်ကွင်းကိုမြင်သောအခါ
မန်းလီ၏မျက်နှာပေါ်တွင်
စိတ်လှုပ်ရှားမှုများပေါ်လာပြီး "မင်း
စိတ်ဆိုးနေတာလား။ ကောင်းတယ်! လာ! ပျော်
ရွှင်ရအောင်!"

"နင်တို့အားလုံး ဒီလိုလုပ်ဖို့ မတတ်နိုင်ဘူး!"
နောက်ဆုံးတော့ ငရဲကေရီက
စကားစပြောလာပါပြီ။

"မင်းဒီလောက်ယုံလား!?" လို့ရှမ်က
တဟားဟားရယ်ရင်း “ငါ့မျိုးနွယ်စုရဲ့
ပြင်ပကမ္ဘာက တခြားသူတွေပဲ ဖြစ်ဖြစ်၊
မင်းဟာ မြင့်မြတ်နယ်မြေရဲ
ထိပ်ဆုံးရောက်ပါရမီရှင်လို့ အားလုံးက
ပြောကြတယ်။ မင်းက လက်ရှိ
မျိုးဆက်သစ်တွေထဲမှာ အသန်မာဆုံးပဲ။ငါ
အဲဒါကို ငါအရမ်းသံသယဖြစ်မိတယ်။
မင်းရဲ့အရည်အချင်းကို ငါလုံးဝမယုံကြည်ဘူး။
ကံမကောင်းစွာပဲ ငါမင်းကိုစိန်ခေါ် ဖို့
မြင့်မြတ်ခန်းမကိုရောက်လာတော့လည်း

မင်းက အကြောင်းပြချက်တွေနဲ့
ငြင်းပယ်ခဲ့တယ်။
 ဒီနေ့ မင်းကိုဒီမှာတွေ့ပြီဆိုတော့
တိုက်ခိုက်ကြရအောင်။ မြင့်မြတ်နယ်မြေရဲ့
နံပါတ်တစ်ပါရမီရှင်က ဂုဏ်သတင်းနဲ့
တကယ်ထိုက်တန်သလားဆိုတာ ကြည့်ပါရစေ။
”

“နင်တို့အားလုံး တခြားသူတွေဆီက
တစ်ယောက်ကို ရွေးလိုက်ပါ။
နောက်ဆုတ်စရာမလိုဘူး။ သူတို့သေရင်
ငရဲပင်လယ်မှာ သင်္ဂြိုဟ်မယ်!"

စကားဆုံးသည်နှင့် ငရဲကေရိက

လျှပ်စီးတန်းတစ်ခုအလား လုံ့ရှမ် ဆီသို့

တဟုန်ထိုးပြေးဝင်သွားပါသည်။

ထို့နောက်

ကြောက်မက်ဖွယ်အငွေ့အသက်များနှင့်အတူ

ပေါက်ကွဲသံများ ကျယ်လောင်စွာ

ထွက်ပေါ်လာသည်။

တိုက်ခိုက်ရာကနေ ထွက်ပေါ်လာသည့်

အားလှိုင်းကြောင့် ပင်လယ်ရေလှိုင်းလုံးကြီးများ

တဟုန်ထိုးတက်လာပြီး ရိုက်ခတ်သွား

လေသည်။

“အဲဒီမိန်းမက ငါ့ရဲ့ပြိုင်ဖက်!”

ချင်းမင်ကစကားပြောရင်း အမျိုးသမီး

ဆီသို့ခုန်ဝင်သွား၏။

"မင်းက ဘယ်သူ့ကို လိုချင်တာလဲ။" ယန်ယွဲ့က

ဝမ်ယန်ကို လှည့်ကြည့်လိုက်သည်။

ဝမ်ယန်က တစ်ခဏလောက်

လေးလေးနက်နက် စဉ်းစားပြီး "မင်းက

ခန္ဓာကိုယ်သန့်စင်တဲ့လူဖြစ်သလို

မန်းရှီကလည်း ရုပ်ခန္ဓာခွန်အားကို

အသုံးပြုတဲ့သူလေ။ ဒီလိုဆိုတော့ ငါ
လဲ့မျိုးနွယ်ထဲက အပေါင်းအပါကို
ရွေးလိုက်မယ်!” သူစကားပြောပြီးသည်နှင့်
လဲ့ဟွမ်ရှေ့သို့ ချက်ချင်းရောက်လာပြီး
သူတို့ကြားတွင် ပြင်းထန်သော တိုက်ပွဲတစ်ခု
ထွက်ပေါ်လာသည်။

ယန်ယဲ့က ပုခုံးတွန့်လိုက်ပြီး မန်းလီကို
စိုက်ကြည့်ကာ "မင်းရဲ့အသက်ရှူချိန်ကို
မဖြုန်းနဲ့။ လာ!"

ဤအချိန်တွင် မန်းလီ၏ မျက်နှာက ယခင်လို မောက်မာခြင်း သို့မဟုတ် မာနထောင်လွှားခြင်း မရှိတော့ပေ။ သူ့အမူအရာက ထူးထူးခြားခြား ပြင်းထန်နေသည်။

သို့သော် ယန်ယဲ့ကိုတော့ လျှောင်ပြောင်ခြင်းမရှိပေ။

ဤအရာက ယန်ယဲ့ကို အတော်လေး အံ့အားသင့်သွားစေသည်။

မူလက မန်းလီသည် အရူးတစ်ယောက်ဟု ထင်ထားခဲ့၏။ သို့သော် လက်ရှိတွင် မန်းလီက သူထင်သည်ထက် ပို၍တည်ငြိမ်နေပုံရသည်။

အုန်း!

မန်းလီက သူ၏ ညာခြေကို မြေပြင်ပေါ်သို့ နင်းလိုက်ကာ ပြင်းထန်သော ခွန်အားက မြေပြင်ကို ချက်ချင်း ကွဲထွက်သွားစေသည်။

ထိုအချိန်တွင် သူ၏ပုံရိပ်က ယန်ယွဲ့ရှေ့သို့ ချက်ချင်းရောက်လာသည်။

တစ်ချိန်တည်းမှာပင် သူ၏ညာလက်သီးသည် ယန်ယွဲ့၏ဦးခေါင်းဆီသို့ ဦးတည်သွားလေသည်။ လက်သီးချက် သယ်ဆောင်လာသော ကြောက်မက်ဖွယ်စွမ်းအားက ယန်ယွဲ့၏

နောက်မှ
ငရဲပင်လယ်ကိုပင်လှိုင်းများထသွားစေသည်။

မန်းလီ၏ လက်သီးက ယန်ယဲ့ နှင့် စင်တီမီတာ
ဒါဇင်အနည်းငယ်အကွာရောက်လာစဉ်
ယန်ယဲ့သည်စတင်၍လှုပ်ရှားလိုက်ပါသည်။
ယန်ယဲ့ သည် သူ၏လက်ဖဝါးကို လှန်ကာ
ရေခဲဒိုင်းအလွှာကို ထုတ်ယူပြီး သူ့ရှေ့တွင်
ကာထားလိုက်သည်။

အုန်း!

မန်းလီ၏ လက်သီးသည် ရေခဲဒိုင်းကို ပြင်းထန်စွာ ထိုးချလိုက်သည်။ ယန်ယဲ့ မျှော်လင့်ထားသလိုပါပဲ။ မန်းလီ၏ ခန္ဓာကိုယ်သည် တန်ပြန်အားကြောင့် ၃ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားခဲ့သည်။

ယန်ယဲ့ သည် အနည်းငယ်ထုံကျင်နေသော ညာလက်မောင်းကို တစ်ချက်ခါလိုက်ပြီး “မင်းရဲ့ ခွန်အားက မဆိုးပါဘူး။ မန်းရှီ ထက် အများကြီး ပိုသန်မာတယ်။”

ရေခဲဒိုင်းက မန်းလီ၏ တိုက်ခိုက်မှုကို
တန်ပြန်အားလွှဲလိုက်သည့်တိုင်
၎င်း၏ကြောက်စရာခွန်အားက ယန်ယွဲ့ကိုပါ
အနည်းငယ်ရိုက်ခတ်သွားသည်။

မှန်ပါသည်။ မန်းလီ၏ ခွန်အားက
ကြောက်စရာကောင်းနေသော်လည်း
ယန်ယွဲ့အတွက် ဘာမျှမဟုတ်ပေ။

ဘုန်း!

ထိုအချိန်တွင် မန်းလီ သည် ယန်ယဲ့နှင့် မလှမ်းမကမ်းတွင်ရပ်နေ၏။ သူညာလက်ကတဆတ်ဆတ်တုန်ယင်နေကာ မျက်နှာတွင်လည်းလေးနက်သောအမူအရာတစ်ခုရှိနေလေသည်။  သိသိသာသာပင် သူသည် သူ၏လက်သီးချက် ကြောင့် ဒဏ်ရာရသွားခဲ့ခြင်းပင်။

"မင်းက ယန်မန်း လား" မန်းလီသည် ယန်ယဲ့ကို စူးစိုက်ကြည့်နေရင်းက ရုတ်တရက် မေးလိုက်သည်။

၉၀၄

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၀၄ - သေပြီလေ

ယန်ယဲ့ သည် အနည်းငယ်

အံ့အားသင့်သွားမိ၏။ "မင်းငါ့ကို

သိနေတာလား?"

"ဒါဆို မန်းရှီက မင်းလက်ထဲမှာ
သေသွားပြီလား" မန်းလီက အံကြိတ်ကာ
အေးစက်စက်အသံနှင့်ပြောလိုက်သည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး "မှန်တယ်၊
သူက အနောက်ဖက်မှာ စောစောစီးစီး
အနားယူနေပြီ။"

မန်းလီ၏ မျက်လုံးများသည်
ချက်ချင်းပင်ကျဉ်းမြောင်းသွားကာ
လူသတ်ချင်စိတ်များပေါ်လာပြီး “သူက
ငါ့ဝမ်းကွဲညီလေးပဲ။ မင်းက ငါ့ဝမ်းကွဲကို

သတ်လိုက်တာ။ ငါဒီမှာပြီးတာနဲ့ မင်းကိုရှာဖို့ ရှေးဟောင်းမြင့်မြတ်မြို့တော်ကို သွားကြည့်ဖို့ ရည်ရွယ်ထားတာ။ ဒါပေမဲ့ မင်းကိုဒီမှာတွေ့မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ ငါ့ဝမ်းကွဲညီအတွက် လက်စားချေဖို့ ကောင်းကင်က အခွင့်အရေးပေးနေသလိုပဲ။”

"သူက မင်းအဖေဖြစ်ရင်တောင် အခိုပ္ပါယ်မဲ့တာပဲ!" ယန်ယဲ့က လျစ်လျူရှုပြီး “ဒါအပြင် ကောင်းကင်ရဲ့အစီအမံက မင်းကို

သူနဲ့အတူလိုက်သွားဖို့ ငါ့ကို အောက်ဖက် လွှတ်လိုက်တယ်ဆိုတာ ဘယ်သူသိလဲ”

“ဒါဆို ကောင်းကင်ဘုံရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ ကြည့်ရအောင်။”

စကားဆုံးသည်နှင့် မန်းလီက ရှေ့ကိုတဟုန်ထိုးခုန်ဝင်လာသည်။

သို့သော် သိပ်မကြာခင်မှာပဲ ရေခဲဒိုင်း၏ တန်ပြန်အားလှိုင်းကြောင့် သူ့ခန္ဓာကိုယ်က နောက်တဖန်လွင့်ထွက်လာခဲ့သည်။

ရေခဲဒိုင်းကို စိုက်ကြည့်နေရင်းဖြင့် မန်းလီ၏ မျက်နှာသည် မှုန်ကုပ်ကုပ်ဖြစ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ခွန်အားသည် ရေခဲဒိုင်း၏ တန်ပြန်တိုက်ခိုက်မှုကို မချိုးဖျက်နိုင်ပေ။
ထိုသို့ဆက်ပြီးတိုက်ခိုက်နေလျှင် သူ၏ခွန်အားက သူ့ကိုယ်သာ ပြန်သတ်သွားပေမည်။

ယန်ယွဲ့က လှောင်ပြောင်လိုက်၏။ "ဘာလဲ? မင်းငါ့ကို မတိုက်ခိုက်ဝံ့ဘူးလား"

"ဟုတ်တယ်၊ မင်းမှာ ရတနာရှိတယ်။ ဒါပေမဲ့ ငါ့မှာလည်း မရှိဘူးလို့ မင်းထင်နေသလား"

မန်းလီက သူ့သူ့လက်ဖဝါးကို လှန်လိုက်ကာ ရောမရွှေရောင်တူကြီး ပေါ်လာသည်။

ရောမတူကြီးက သူ့ခန္ဓာကိုယ်ထက်ပင် ကြီးမားသည်။ထို့အပြင် ရွှေရောင်သံမဏိတူကြီးက သံမဏိဆူးချွန်များဖြင့် ဖုံးအုပ်ထားသည်။ ဆူးချွန်တစ်ခုစီက တစ်ဒါဇင်ကျော် ရှည်လျားပြီး အလွန်ကြောက်စရာကောင်းလှသည်။

"သတိထား! ဒါက ဟာကျူလီတူ ပဲ။"
ငရဲကေရီ၏ သတိပေးသံက ရုတ်တရက်
ထွက်ပေါ်လာသည်။

"ဟာကျူလီတူ? " ယန်ယဲ့သည် အနည်းငယ်
ထိတ်လန့်သွား၏။ သို့သော် ရုတ်တရက်
သူ့မျက်လုံးများသည် ချက်ချင်းဆိုသလိုပင်
တောက်ပလာသည်။

ဟာကျူလီတူက
မည်မျှကြောက်စရာကောင်းသည်ကို
ကောင်းကောင်းကြီး ခံစားမိနေသည်။

ငရဲကေရီ လိုလူမျိုးကပင်
အလေးအနက်ထားသတိပေးနေသည်ဖြစ်ရာ
ဂျင်းသည် သာမန်သူတော်စင်
လက်နက်မဟုတ်ကြောင်းသိသာပေသည်။

"မင်းရဲ့ဟာကျူလီတူက ငါ့အပိုင်ပဲ!" ယန်ယဲ့
သည် ရေခဲဒိုင်းကို ပြန်သိမ်းရင်း
ရယ်မောလိုက်သည်။နောက်ဆုံးတွင်
ဟာကျူလီတူက
တာအိုအဆင့်လက်နက်သာဖြစ်သည်။
ဟာကျူလီတူ ကတော့
သူတော်စင်လက်နက်တစ်ခုပါ။

ရေခဲဒိုင်းက ၎င်း၏
လက်နက်ဝိညာဉ်ရှိနေလျှင်ပင်
ဟာကျူလီသံတူ၏
ကြောက်မက်ဖွယ်စွမ်းအားကို
ခုခံနိုင်စွမ်းမရှိနိုင်ပေ။

သူပြောပြီးသည်နှင့် တပြိုင်နက် မန်းလီ၏
ပုံရိပ်သည် ယန်ယဲ့ အထက် ကောင်းကင်သို့
ခုန်တက်သွားသည်။ တစ်ချိန်တည်းမှာပင်
သူ၏လက်နှစ်ဖက်ဖြင့် ဟာကျူလီသံတူကို
ဆုပ်ကိုင်ကာ
ယန်ယဲ့ဆီသို့တရကြမ်းထုချလိုက်လေသည်။

ဟာကျူလီသံတူ ကနေ

သယ်ဆောင်လာသောအဖျက်စွမ်းအားက

ယန်ယဲ့၏ ပတ်ပတ်လည်ရှိမြေပြင်ကို

ချက်ချင်းပြိုကျသွားစေသည်။

ထိုခဏလေးမှာပဲ ယန်ယဲ့ နှင့်

အနီးပတ်ဝန်းကျင်ရှိ အရာအားလုံးသည်

အမှုန့်အဖြစ် ပြောင်းလဲသွားခဲ့သည်။

သို့သော်လည်း ယန်ယဲ့သည် ၎င်းအား ခုခံရန်

မကြိုးစားခဲ့ပေ။ သူ့ခန္ဓာကိုယ်က

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲ၍
အဝေးဆီသို့ လွင့်မျောသွားပါသည်။
တစ်ခဏလေးအတွင်း ယန်ယဲ့ဟာ မန်းလီ၏
မြင်ကွင်းရှေ့ကနေ
တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။

"မင်း ထွက်ပြေးနေတာလား။
ဘယ်သွားလို့ရမလဲ!?" မန်းလီ၏ခန္ဓာကိုယ်က
တဖျပ်ဖျပ်ခတ်လာပြီး ယန်ယဲ့နောက်ကို
တဟုန်ထိုးလိုက်ပါသွားသည်။

အဝေးမှာ လုံ့ရှမ် နှင့် တိုက်ခိုက်နေသည့် ငရဲကေရီက ဤမြင်ကွင်းကို သတိပြုမိပြီး သူမ၏ လှပသောမျက်ခုံးလေးများဟာ အနည်းငယ် တွဲကျနေပါသည်။

ရုတ်တရက် သူမ၏ လက်ဖဝါးကို ရှေ့သို့ တွန်းလိုက်သည်။
ကြောက်မက်ဖွယ်ကောင်းသော စွမ်းအင်လှိုင်းလုံးကြီးတစ်ခု ထွက်လာပြီး သူမရှေ့တွင် ရပ်နေသော ရောမနဂါးကြီးကို တိုက်ရိုက်ပစ်ခတ်လိုက်သည်။

သို့သော် ဂျမ္မျနှင့် မရပ်တန့်သေး၊
နောက်ထပ်စွမ်းအင်လှိုင်းလုံး
တစ်ခုပြီးတစ်ခုထွက်ပေါ်လာပြီးနောက်
ရောမရွှေနဂါးကြီး၏ ခေါင်းပေါ် ရှိ
ဦးချိုနှစ်ခုစလုံး ပြုတ်တောက်သွားသည်...။

ဝေါင်း!

ရောမနဂါးကြီးသည်
ဒေါသတကြီးဟိန်းလိုက်ကာ
စူးရှကျယ်လောင်သော နဂါးဟိန်းသံက

အာကာသဟင်းလင်းပြင်ကိုပင် ပြင်းထန်စွာ တုန်ခါသွားစေပါသည်။

"မန်းလီကို ဒီမှာမသေစေချင်ရင် မြန်မြန်သွားကယ်ပါ!" ထိုအချိန်တွင် ငရဲကေရီက ရုတ်တရက် ပြောလိုက်သည်။

"အဲဒီကောင်ဆီကလား?" ရောမနဂါးကြီးက သူ့မျက်လုံးထဲမှာ အထင်အမြင်သေးမှုကို ထုတ်ဖော်လိုက်သည်။ "မန်းလီသာ ဟာကျူလီသံတူကိုအသုံးပြုနေရင်

သူတော်စင်တစ်ပိုင်းအဆင့်တောင် သူ့ကို သတ်နိုင်မှာမဟုတ်ဘူး။ ငရဲကောရီ၊ ငါတို့ဆက်ပြီးတိုက်ခိုက်ရအောင်။"

"ထပ်တိုက်ခိုက်ရင် နင်ပဲ နစ်နာမယ်!" ငရဲကောရီက ပုံမှန်လေသံဖြင့် ပြောလိုက်သည်။

"နင့်ကို သတ်ပစ်တာက ခဏထားဦး။ နတ်ဆိုးအကျဉ်းထောင်ရဲ့စည်းတံဆိပ်က အားလျော့လာနေပြီ။ မကြာခင်မှာ နယ်ခြားမိစ္ဆာတွေထွက်လာတော့မယ်။ နင်တို့က မြင့်မြတ်နယ်မြေရဲ့အဓိကအင်အားစုတွေထဲက တစ်စိတ်တစ်ပိုင်းပဲလေ။

ငါ နင့်ကို မသတ်နိုင်လို့ ဒါမှမဟုတ် နင့်ကို ဒုက္ခပေးတာ မဟုတ်ဘူး နားလည်လား"

“ငရဲကေရီ၊ မင်းက လက်ရှိတိုက်ပွဲကို အဆုံးမသတ်ဘဲနဲ့ စကားများနေတာလား။" ရုတ်တရက်ဆိုသလိုပင် ယန်ယဲ့၏ အသံက ကျယ်ပြန့်လာသည်။

ငရဲကေရီ၏ မျက်ခွံများ အနည်းငယ် လှုပ်ယမ်းသွားသည်။ထို့နောက် သူမ၏ မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်လိုက်သည်။

တစ်ဖက်တွင်မူ လူတိုင်း တိုက်ခိုက်နေသည်ကို ရပ်သွားကာ အားလုံး၏ အကြည့်များက ယန်ယဲ့အပေါ်သို့ ကျဆင်းလာပါသည်။

"မန်းလီ ဘယ်မှာလဲ" လုံ့ရှမ်က လူသားပုံစံပြန်ပြောင်းလိုက်ရင်း ယန်ယဲ့ကို စိုက်ကြည့်နေသည်။

"အဲဒါ မသိသာဘူးလား?" ယန်ယဲ့က ပုခုံးတွန့်ပြီးပြောလိုက်သည်။ "ငါတို့နှစ်ယောက် တိုက်ခိုက်တယ်၊
ငါတစ်ယောက်ပဲပြန်လာတယ်။ ဒါဆို သူက

ဘယ်လိုဖြစ်သွားလည်း
မခန့်မှန်းတတ်ဘူးလား။"

အမှန်ပင်၊ မန်းလီက သေဆုံးသွားပြီဖြစ်သည်။

အကြောင်းအရင်းမှာ ယန်ယဲ့သည် ငရဲကေရီ၏
ရှေ့ကနေ ယာယီပျောက်ကွယ်သွားပြီးနောက်
သူ၏ခွန်အားကို ထုတ်ဖော်ကာ
ဖိနှိပ်ရေးကျောက်တုံး နှင့်
ဓားအစေခံကိုအသုံးပြု၍
မန်းလီကိုသတ်ဖြတ်လိုက်သည်။

ထို့နောက်တွင် ဟာကျူလီသံတူက
သူ့လက်ထဲသို့ ရောက်လာပါသည်။

ထို့အပြင် အဆင့်လွန်စွမ်းအင်ကျောက်တုံး ၅၀၀၀ ခန့်နှင့် တာအိုလက်နက်တစ်ဒါဇင်ကျော်ပါရလိုက်၏။

"ငါ ဒါကို မယုံဘူး!" လုံရှမ်က တိုးညှင်းသောအသံဖြင့် ပြောလိုက်သည်။

၉၀၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၉၀၅ - ငရဲပင်လယ်အောက်ခြေ

“မင်း ငါ့ကို မယုံရင် စောင့်နိုင်တယ်။ သူပြန်လာမလား ကြည့်စမ်း!" ယန်ယဲ့ သည် စကားဆက်မပြောတော့ဘဲ ငရဲကေရီ ထံ လျှောက်သွားပြီး “အခု လေးယောက်က သုံးယောက်ပဲရှိတယ်။ မင်းလုပ်ချင်ရင် ငါတို့က အဲဒါတွေအားလုံးကို ချေမှုန်းပစ်တာပေါ့။ ၎င်းတို့အားလုံးတွင် ထူးခြားသောနောက်ခံများ ပိုင်ဆိုင်ထားသောကြောင့် သေချာပေါက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားပေမည်။

ထိုအချက်ကို တွေးမိလိုက်သည်နှင့် ယန်ယဲ့က "ငရဲကေရီ၊ သူတို့ကိုသတ်ပြီး သူတို့ရဲ့ အရင်းအမြစ်တွေကို လုယက်လိုက်ရအောင်… .”

ယန်ယဲ့ ပြောလိုက်သည့်စကားကြောင့် ငရဲကေရီ ပင်လျှင် နှုတ်ခမ်းထောင့်များ အနည်းငယ် လှုပ်ယမ်းသွားသည်။ သူမက မျက်လုံးကိုဖွင့်ပြီး ယန်ယဲ့အား တစ်ချက် ကြည့်လိုက်ကာ "သူက အများလုပ်မိပေမယ့် သေဖို့မထိုက်တန်ပါဘူး။ သူသာ သူတော်စင်တစ်ပိုင်းအဆင့်ကို ရောက်တာနဲ့

အနာဂတ် နယ်ခြားမိစ္ဆာတွေ နဲ့ စစ်ပွဲမှာ
သူတော်စင်တစ်ပိုင်းအဆင့်အရေအတွက်
တိုးလာမှာသေချာတယ်။ ဒါတောင် နင်….”

ယန်ယဲ့က နှုတ်ခမ်းကို သပ်တင်လိုက်ပြီး "မင်း
ငါတို့ကို မထိန်းထားဖို့ ပြောခဲ့တယ်မဟုတ်လား။
သူတို့သေရင် သင်္ဂြိုဟ်မယ်ဆို!"

“အဲလို မပြောခဲ့သင့်ဘူး!” ငရဲဧကရီက
စကားမပြောခင် ခဏလောက်
ငြိမ်သွားသက်သွားသည်။

"ကံမကောင်းစွာပဲ၊ နောက်ကျသွားပြီ!" ယန်ယဲ့က သူမကို ပုခုံးတွန့်ပြသည်။

တစ်ချိန်တည်းမှာပဲ လုံ့ရှမ်က "မင်း ဘယ်သူပဲဖြစ်ပါစေ မန်းကလန်က မင်းကို သေချာပေါက်သတ်လိမ့်မယ်!"

ယန်ယဲ့က လုံ့ရှမ်နှင့် အဖွဲ့ကို လှည့်ကြည့်ရင်း လှောင်ပြောင်ရယ်မောလိုက်သည်။  "ဘာလဲ? မင်း အခု အရှုံးပေးနေပြီလား? မင်းရဲ့ ကျောထောက်နောက်ခံကို ထုတ်ပြဖို့ ရည်ရွယ်ထားသလား။ ရှုံးနိမ့်တာကို

လက်မခံနိုင်ရင် အစကတည်းက

ပြဿနာမရှာနဲ့လေ။ အခုမှ... ဟမ့်။ ဘာလို့

ဒီလောက် မောက်မာခဲ့တာတုန်း။

မင်းတို့အားလုံး ဘာလို့

ဒီလောက်မောက်မာနေကြတာလဲ ။ ရှုံးတာကို

လက်မခံနိုင်သေးဘဲ ငါတို့ကို

တိုက်ချင်နေသေးတာထင်ပါ့။ ဟီးဟိး!

မင်းလိုကောင်က နဂါးမျိုးနွယ်စုရဲ့

နံပါတ်တစ်ပါရမီရှင်လို့ခေါ်တဲ့ အမှိုက်လား။

မင်းလို အမှိုက်တွေနဲ့ ပြည့်နေတယ်ဆိုရင်

နဂါးမျိုးနွယ်စုက မကြာခင်မှာ

ပျက်စီးသွားနိုင်တယ်။”

"မင်းဘယ်လိုသတ္တိရှိလဲ!" လုံ့ရှမ်က
ဒေါသတကြီးဖြစ်ကာ ကြောက်မက်ဖွယ်ရာ
နဂါးဖိအားက ယန်ယဲ့ကို ချက်ချင်း
ဖုံးလွှမ်းသွား၏။

သို့သော် ဖိအားက ယန်ယဲ့ အပေါ်
သက်ရောက်မှုမရှိပေ။ ဤမြင်ကွင်းကြောင့်
လူတိုင်း အံ့သြသွားကြသည်။

ဟာသပဲ!

ယန်ယဲ့ သည် နတ်နဂါးဘိုးဘေး၏

သွေးအဆီနှစ်ကိုပိုင်ဆိုင်ထားသည်မဟုတ်သ

လော။

နတ်နဂါးဘိုးဘေး သည် ဆန်းကြယ်တိုက်ကြီးရှိ

နဂါးကလန်၏ ဘိုးဘေးမဟုတ်ချေ။

မြင့်မြတ်နယ်မြေရှိ နဂါးမျိုးနွယ်စု၏ ဘိုးဘေး

ပင်တည်း။

ထို့အတွက် ဤလောကတွင်

သူတော်စင်တစ်ပိုင်းအဆင့် မဟုတ်သရွေ့

မည်သည့်နဂါးမျိုးနွယ်ဝင်မှ ယန်ယဲ့ကို

ဖိနှိပ်နိုင်မည်မဟုတ်ပေ။

ထို့အပြင် ဤကမ္ဘာရှိနဂါးများသည်
သိုင်းသူတော်စင် မဟုတ်ပါက ယန်ယဲ့၏
သွေးမျိုးဆက်ဖိအားကိုပင်
ခုခံနိုင်မည်မဟုတ်ပါ။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ" လုံရှမ်၏
မျက်လုံးများသည် မယုံနိုင်စရာများဖြင့်
ပြည့်နှက်နေခဲ့သည်။

နောက်ဆုံးတွင် ငရဲကေရီက သူ၏နဂါးဖိအားကို
အနည်းငယ်တုန်လှုပ်သွားစေသော်လည်း
သူ့ရှေ့တွင် ရပ်နေသော ဤလူကို
လုံးဝမထိခိုက်ပါ။

ယန်ယဲ့က ငရဲကေရီကို ကြည့်ပြီး "မင်း သူတို့ကို မသတ်ချင်ရင် ငါလုပ်မယ်"
ဟုပြောလိုက်တယ်။

"အစားခွင့်ပြုပါဦး!" ရုတ်တရက် အသံတစ်ခု ထွက်ပေါ်လာပြီး ယန်ယဲ့ အပါအဝင် လူတိုင်း၏ အမူအရာများ သိသိသာသာ ပြောင်းလဲသွားသည်။အဘယ်ကြောင့်ဆိုသော် ထိုအသံသည် သမုဒ္ဒရာအောက်မှ ထွက်ပေါ်လာသောကြောင့် ဖြစ်သည်။

"ငါတို့ အန္တရာယ်ရောက်နေပြီ!" ငရဲကောရီ၏ မျက်နှာပေါ်တွင် ရှားရှားပါးပါး လေးနက်မှု အရိပ်အယောင်ကို ထုတ်ဖော်ခဲ့သည်။

ဂျုန်း!

ထိုအခိုက်အတန့်တွင် သူတို့ရပ်နေသော မြေပြင်သည် ရုတ်တရက် ပြိုကျသွားပြီး မရေမတွက်နိုင်သော ရေစီးကြောင်းများက ပင်လယ်ထဲမှ ထွက်လာပြီး လူတိုင်းကို ငရဲပင်လယ်ထဲသို့ ဆွဲယူသွားခဲ့လေသည်။

ရုတ်တရက် အလှည့်အပြောင်းက ဤနေရာရှိ လူတိုင်းကို အံ့အားသင့်သွားစေသည်။

မှန်ပါသည်။ အားလုံးက

သာမန်လူများမဟုတ်ပေ။

ပင်လယ်အောက်ခြေသို့ ဆွဲချခံလိုက်ရသည်နှင့်

လူတိုင်းက ခွန်အားအပြည့်ထုတ်ကာ

တိုက်ခိုက်လိုက်ကြသည်။

ထိုအချိန်တွင် ပင်လယ်အောက်ခြေကနေ

ကြောက်မက်ဖွယ်စုပ်ယူအားတစ်ခု

ထွက်လာပြီး လူတိုင်းအား

ပင်လယ်ကြမ်းပြင်အထိ
ဆွဲချသွားပါတော့သည်။

အောက်ခြေသို့ နစ်မြုပ်သွားပြီးနောက်
ငရဲပင်လယ်မျက်နှာပြင်သည် တစ်ဖန်
ပြန်လည်ငြိမ်သက်သွားခဲ့သည်။

မသိနိုင်သော အချိန်တစ်ခုထိ
ကုန်ဆုံးသွားသည့်နောက်တွင် ယန်ယဲ့သည်
မျက်လုံးများကို ဖြည်းညှင်းစွာ ဖွင့်လာသည်။
သူ့ရှေ့မှ မြင်ကွင်းကို ရှင်းရှင်းလင်းလင်း
မြင်လိုက်ချိန်တွင်တော့ ယန်ယဲ့၏

အမှုအရာသည် သိသိသာသာ
ပြောင်းလဲသွားပါသည်။

ဤအချိန်တွင် သူ့ခြေဖဝါးအောက်၌
အနက်ရောင်စက်ဝိုင်းတစ်ခုရှိနေသည်ကို
သတိထားမိသည်။ ၎င်းသည်
အနက်ရောင်ချည်မျှင်များ စိမ့်ထွက်လာကာ
သူ့ပတ်ဝန်းကျင်ကို လှောင်အိမ်တစ်ခုသဖွယ်
ချည်နှောင်နေသည်။

တစ်နည်းဆိုရသော် သူ့အား
ပိုးမျှင်အိမ်ထဲပိတ်မိနေသည့်
ပိုးတုံးလုံးလေးတစ်ကောင်ကဲ့သို့ပါ။

ထို့အပြင် သူ၏ဆန်းကြယ်ချီစွမ်းအင်ကို ထုတ်ဖော်လိုက်ရာ မသိနိုင်သောအကြောင်းတစ်ခုကြောင့် လုံးဝ ထုတ်ဖော်မရခဲ့ပေ။

"နိုးလာပြီလား?" ဘေးနားကနေ ငရဲကေရီ၏ အသံ ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရာ ငရဲကေရီ တစ်ယောက်သာလျှင် နိုးလာကြောင်း သတိပြုမိလိုက်သည်။

ကျန် လူတိုင်းကတော့ မျက်လုံးများကို တင်းတင်းမှိတ်ထားပြီး အိပ်စက်နေပုံရသည်။

"အဆင်ပြေပါတယ်၊ ခဏနေကျရင် အားလုံး နိုးလာမှာပါ!" ငရဲကေရီက ယန်ယဲ့ မျက်မှောင်ကြုတ်သွားသည်ကို သတိပြုမိပြီး ထပ်ပြောလိုက်သည်။

ယန်ယဲ့က အသာ ခေါင်းညိတ်လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။ ဤအချိန်မှာ သူတို့အားလုံး ပင်လယ်အောက်ခြေမှာပင် ရှိနေဆဲပါ။

အကြောင်းအရင်းအချို့ကြောင့်
ပင်လယ်ရေသည် သူတို့ရှိနေသည့် နေရာသို့
တစ်စက်မျှပင်ရောက်မလာပေ။
ထို့ကြောင့် ၃ ကီလိုမီတာ ပတ်ဝန်းကျင်ရှိ
ပင်လယ်ကြမ်းပြင်ဟာ ရေလုံးဝကင်းမဲ့နေသည့်
ကျွန်းငယ်လေးတစ်ခုလိုပင်။

"ဟိုမှာကြည့်!" ငရဲကေရီက ဆတ်ခနဲ
ပြောလိုက်သည်။ ယန်ယွဲ့လည်း ငရဲကေရီ
ညွှန်ပြရာဆီ လှမ်းကြည့်လိုက်ရာ
သူတို့ရှိနေရာနှင့် မလှမ်းမကမ်းတွင်

ကျောက်ခေါင်းတလားကြီး ၉ လုံးကို သတိပြုမိလိုက်သည်။

ကျောက်ခေါင်းတလားများကို တိုင်လုံးများကဲ့သို့ ထုထဲသော သံမဏိကြိုးများဖြင့် ချည်နှောင်ထားကာ သံမဏိကြိုးများပေါ်တွင် ထူးဆန်းသော သင်္ကေတများစွာ ဖုံးအုပ်ထားသည်။

ထို့အပြင် ရောမခေါင်းတလားကြီးတစ်လုံး၏ ရှေ့၌ ဓားတစ်ချောင်း ကိုင်ထားသည့် အနက်ရောင်ဝတ်အမျိုးသားတစ်ဦး ရပ်နေသည်။

၉၀၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၀၆ - ထွက်ပြေးရပြီ

"ငရဲကောရီ၊ ဒီနေရာက တခြားသူတွေရဲ့ ကျင့်ကြံမှုကို ဖိနှိပ်နိုင်တယ်မဟုတ်လား။ အဲဒီအနက်ရောင်ရုပ်သေးတွေက ဘယ်လိုကြောင့် သူတော်စင်တစ်ပိုင်းအဆင့် မှာ ရှိနေတာလဲ။” ယန်ယွဲ့က မေးလိုက်သည်။

"သူတို့အသက်မရှင်တော့ဘူး!" ငရဲကေရီက ခေါင်းခါယမ်းကာ ပြန်ဖြေခဲ့သည်။

"မင်းတို့နှစ်ယောက်လုံး မြန်မြန်နိုးထကြ!"ယန်ယွဲ့သည် စကားပြောရန်ပြင်လိုက်ချိန် အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

ယန်ယွဲ့ နှင့် ငရဲကေရီ တို့နှစ်ဦးလုံးလည်း မျက်နှာပျက်သွားကြတော့သည်။

နှစ်ယောက်လုံး အသံထွက်လာသည့်
ညာဖက်ထောင့်က
ကျောက်ခေါင်းတလားကြီးဆီသို့
လှမ်းကြည့်လိုက်ကြသည်။

"နင်ကဘယ်သူလဲ!?" ငရဲကေရီက
သတိအပြည့်အသံဖြင့် မေးလိုက်၏။

"ငါက မင်းရဲ့ဘိုးဘေး!"
ကျောက်ခေါင်းတလားအတွင်းမှ အသံပိုင်ရှင်က
နောက်တကြိမ် ထပ်ပြောသည် ။

"ဘိုးဘေး ? " ယန်ယဲ့၏
ပါးစပ်ထောင့်များသည် တုန်လှုပ်သွားပြီး
ငရဲကေရီကို မသိမသာ ကြည့်လိုက်သည် ။

"နင့်ကိုယုံမယ်လို့ထင်လား" ငရဲကေရီက
အေးစက်စက်ပြောလိုက်သော်လည်း သူမ၏
မျက်ခုံးများသည်
ပို၍ပင်တင်းကျပ်စွာထိုးထားသည်။

အခေါင်းအတွင်းမှလူက

“မြင့်မြတ်ခန်းမတွေအားလုံးရဲ့

ပထမဆုံးအရှင်သခင်က ဂူထျန်းလေ။

မှန်ရဲ့လား။ ပြီးတော့ သူ့လက်အောက်မှာ

ဗိုလ်ချုပ် ၁၀ ဦးရှိတယ်။ ဒါပေမဲ့ အဲဒီဗိုလ်ချုပ်

၁၀ ဦးလုံး နယ်ခြားမိစ္ဆာတွေနဲ့

တိုက်ခိုက်ပြီးနောက်မှာ

ပျောက်ကွယ်သွားကြတယ်။

ဟုတ်တယ်မလား?"

ငရဲကောရိက ခဏလောက် တိတ်ဆိတ်နေပြီးမှ ထပ်မေးလိုက်၏။

"သူတို့နာမည်ဘယ်လိုခေါ်လဲ"

"ဟီး! သမီးငယ်လေး၊ မင်းက ငါ့ကို မယုံသေးလို့လား။ ကောင်းပြီ၊ အဖြေကိုပြောပြမယ်။ တော်တော်များများက သူတို့ရဲ့ဘွဲ့အမည်တွေကို ပြင်ပကမ္ဘာကပဲ သိကြတယ်။ ငါက နံပါတ် ၉ ဗိုလ်ချုပ်ဖြစ်လို့ သူတို့နာမည်တွေကို သေချာမသိရဘူး။ ငါ့နာမည်က လီ ။ မထင်မှတ်ဘဲ ဘာမှမဖြစ်ခဲ့ရင် မြင့်မြတ်နယ်မြေမှာ လီကလန်

ရှိသင့်တယ်မဟုတ်လား" အသံက
အခေါင်းထဲမှ ဖြည်းညှင်းစွာ
လွင့်ထွက်လာသည်။

"ရှိတယ်။" ငရဲကေရီက
တုံးတိတိပြန်ပြောလိုက်သည်။

အခေါင်းအတွင်းမှလူက တခစ်ခစ်ရယ်ပြီး "မင်း
ငါ့ကိုယုံနေပြီဟုတ်လား"

ငရဲကေရိက ခေါင်းခါပြီး

ဆက်လက်ပြောလိုက်လေသည်။ "ငါ့မှာ

သံသယနည်းနည်းရှိတယ်။ ပထမဆုံးအနေနဲ့

နင်က ငါတို့ မြင့်မြတ်ခန်းမ ၁၀ ခုထဲက

အကြီးအကဲတစ်ယောက်ဖြစ်နေတယ်ဆိုမှ

တော့ မြင့်မြတ်ခန်းမရဲ့ ပညာရှင်တွေကို ငါ့ရဲ့

ဘာလို့ သတ်တာလဲ။ ဒုတိယအချက်က

ရှေးဟောင်းခေတ်ရဲ့

သိုင်းသူတော်စင်တွေတောင်မှ နှစ် ၁၀၀,၀၀၀

လောက် အသက်မရှင်နိုင်ဘူး။ ဒါပေမဲ့

သဘာဝလွန်ရတနာတချို့နဲ့

နယ်ခြားမိစ္ဆာတွေဟာ နှစ် ၁၀၀,၀၀၀ ကျော်
အသက်ရှင်နေနိုင်တယ်။"

အခေါင်းအတွင်းမှ လူသည်
တိတ်ဆိတ်သွားသည်။

ငရဲကောရိက အေးစက်စက်လေသံဖြင့် ဆက်၍
ပြောလေသည်။“
ဒီကျောက်ခေါင်းတလားပေါ်မှာ သင်္ကေတတွေနဲ့
အစီအရင်တွေကို တစ်နေရာမှာတွေ့ဖူးတယ်။
ဘယ်မှာလဲ သိလား။

အနှောင်အဖွဲ့စေတီပေါ်မှာ။ ဒီတော့ နင်က ငါ့ရဲ့ မြင့်မြတ်ခန်းမက အကြီးအကဲ မဖြစ်နိုင်ဘူး။ နယ်ခြားမိစ္ဆာ မဟုတ်လား"

“တကယ်လို့ ငါတို့က နယ်ခြားမိစ္ဆာတွေ ဖြစ်နေရင် မြင့်မြတ်ခန်းမ ၁၀ ခုရဲ့ အတွင်းရေးကိစ္စတွေကို ငါ ဘယ်လို သိနိုင်မှာလဲ” အခေါင်းအတွင်းမှလူက ထပ်ပြောပြန်သည်။

ငရဲကေရိက ခေါင်းညိတ်လိုက်ပြီး "မှန်တယ်၊ ငါလည်း ဒါကိုပဲသိချင်နေတာ။"

ထိုအတောအတွင်း အခေါင်းအတွင်းမှ လူက ရုတ်တရက် “အားလုံး နိုးနေပြီ ဟုတ်လား”

ယန်ယဲ့က လှည့်ကြည့်လိုက်ရာ ကျန်လူများလည်း နိုးထလာပြီကို တွေ့လိုက်ရသည်။

“ဒီတစ်ခေါက်လာတဲ့လူတွေကို
အံ့သြသွားတယ်။ ဘာလို့လဲဆိုတော့
မင်းတို့တစ်ယောက်ချင်းစီက
အရမ်းသန်မာတယ်။

အရင်က အဲဒီအမှိုက်တွေထက် အများကြီး
ပိုသန်မာသွားကလား။ ဒါဆို မင်းတို့အားလုံး
မသေသေးဘူး။ အခုမင်းတို့အားလုံးကို
အသက်ရှင်ဖို့ အခွင့်အရေးပေးမယ်။
မင်းတို့ရဲ့လွတ်လပ်ခွင့်ကို ငါ
ခဏပြန်ပေးလိုက်မယ်။

အခု မင်းတို့လုပ်ရမယ့်တာဝန်က
ဒီခေါင်းတလားပေါ်မှာရှိတဲ့ သံကြိုးတွေကို

ဖျက်ဆီးဖို့ပဲ" အခေါင်းအတွင်းမှလူက ဆက်လက်၍ "ဟုတ်တယ်၊ မင်းတို့အားလုံး ငါ့စကားကို နားမထောင်လို့ရတယ်။  ဒါပေမဲ့ ဘေးကို သေသေချာချာကြည့်လိုက်ဦးပေါ့။ ဒီမှာ သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေး ၉ ခုတော့ ရှိတယ်။

မင်းတို့က သူတော်စင်တစ်ပိုင်းအဆင့် ၉ ပါးကို ရင်ဆိုင်နိုင်မယ်လို့ အာမခံနိုင်ရင်တော့ စမ်းကြည့်လို့ရတယ်။"

အသံသည် လေထဲမှာပဲ့တင်ထပ်ပြီးတာနဲ့ ယန်ယွဲ့နှင့် လူတိုင်း၏ ခြေထောက်အောက်ရှိ

အနက်ရောင်စက်ဝန်းက
ချက်ချင်းပျောက်ကွယ်သွားပါသည်။
တစ်ချိန်တည်းမှာပဲ သူတို့၏
ဆန်းကြယ်ချီစွမ်းအင်က ပြန်၍ စုစည်းနိုင်ပါပြီ။

“ဒီသံကြိုးတွေက အရမ်းသန်မာတယ်။
သူတို့ဟာ မင်းတို့ထင်ထားတာထက်
အများကြီး ပိုသန်မာပါတယ်။ ဒါကြောင့်
မင်းတို့တွေပူးပေါင်းရင် လုပ်နိုင်မှာပါ။
သံကြိုးတွေကို ဖြတ်လိုက်မှပဲ မင်းတို့အားလုံး
အသက်ရှင်နိုင်မယ်။"

ကျောက်ခေါင်းတလားထဲရှိ အသံက ဆိုပါသည်။

"သောက်ရူးလား!" ထိုအချိန်တွင် လုံရှမ်က ရုတ်တရက် အေးစက်စက် အော်ပြောလိုက်သည် " သံကြိုးကို ဖြတ်လိုက်ရင်တောင် ငါတို့ အသက်ရှင်ဖို့ အခွင့်အလမ်း မရှိဘူး မဟုတ်လား "

ဝူးရှ်။

ရှုတ်တရက် အနက်ရောင်ဝတ်

သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေး ၉ ခုက

ယန်ယဲ့ နှင့် လူတိုင်းဆီသို့ လွင့်မျောလာပြီး

ဝိုင်းထားကြသည်။

"မင်းတို့အားလုံးမှာ ရွေးချယ်စရာရှိလို့လား"

စကားသံက နောက်တစ်ကြိမ် ထပ်၍

ထွက်ပေါ်လာသည်။

"အခုချက်ချင်း မြင့်မြတ်ခန်းမတွေကို

ပြန်ကြမယ်။ ငါတို့ရဲ့တာဝန်ပြီးသွားပြီ!"

ငရဲကြေရိက စကားကို အလျင်စလို ပြောလိုက်သည်။ ထို့နောက် သူမ၏ ညာလက်ကို မြှောက်လိုက်ပြီး နောက်တစ်ကြိမ် အမြန်ဖိလိုက်သည်။

အဖြူရောင် အလင်းတန်းတစ်ခု ရုတ်တရက် လွင့်ထွက်သွားပြီး သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေးတစ်ခုကို နောက်သို့ လွင့်ပျံသွားစေသည်။

တစ်ချိန်တည်းမှာပင် သူမ၏ပုံရိပ်သည် တဖျပ်ဖျပ်ဖျပ်လတ်လျက် နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့၊ ဝမ်ရန် နှင့် ချင်းမင် တို့သည်လည်း နေးကွေးမနေကြပေ။

ငရဲဧကရီ တိုက်ခိုက်သည့်အချိန်မှာပင် ပင်လယ်မျက်နှာပြင် ပေါ်သို့ တဟုန်ထိုးပြေးတက်သွားကာအမြန်နှုန်းကို အကန့်အသတ်ထိ မြှင့်တင်လိုက်ကြသည်။

ထိုကျောက်ခေါင်းတလားများကို သူတို့နှင့်အတူ ယူဆောင်သွားရန် မဖြစ်နိုင်သည်မှာ ရှင်းရှင်းလင်းလင်းပင်။

အဘယ်ကြောင့်ဆိုသော်

သူတော်စင်တစ်ပိုင်းအဆင့် ၉ ပါးက

အနိုင်ယူရန် လုံးဝ မဖြစ်နိုင်ပါ။

အခေါင်းအတွင်းမှ လျှို့ဝှက်ဆန်းကြယ်သော

ပုဂ္ဂိုလ်ကို အသာထား၊

သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေး ၉ ခုကိုပင်

အသည်းအသန်တိုက်ခိုက်ရပေမည်။

" ထွက်ပြေးဖို့ ကြိုးစားနေတာလား။

မင်းတို့အားလုံး အိပ်မက်မက်နေကြတာပဲ!"

အသံထွက်လာသည်နှင့် တပြိုင်နက်

ကြောက်စရာကောင်းသော စုပ်အားတစ်ခု

ပေါ်လာပြီး လူတိုင်း၏ အရှိန်သည် ချက်ချင်း နှေးကွေးသွားသည်။

ထို့အပြင် အားလုံး ပင်လယ်ကြမ်းပြင်အောက်သို့ တဖန်ပြန်ရောက်သွားမည့် အရိပ်အယောင်များပင် ပြသခဲ့သည်။

"ပြောင်းပြန်!" ငရဲကေရီက ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်သည်။ ထိုချိန်တွင် ယန်ယွဲ့ နှင့် လူတိုင်းလည်း စုပ်ယူအားကနေ တွန်းကန်အားအဖြစ် ပြောင်းလဲသွားပြီး

အားလုံး ၃ ကီလိုမီတာအကွာသို့
မြင့်တက်လာသည်ကို ခံစားမိလိုက်ကြသည်။
ထို့နောက်တွင်တော့ လူတိုင်း အရှိန်ကို
အကန့်အသတ်ထိ ထုတ်ဖော်၍
ပင်လယ်မျက်နှာပြင် ပေါ်သို့
တရကြမ်းပြေးတက်သွားကြလေတော့သည်။

"ယင်နှင့်ယန် ပြောင်းပြန်လှန်ခြင်း...."
ပင်လယ်အောက်ခြေဆီမှ
ထိတ်လန့်တုန်လှုပ်သည့် အသံတစ်သံ
ထွက်လာပြီး ပင်လယ်ရေပြင်သည်လည်း
လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်သွားခဲ့လေသည်။

·၉၀၇

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၀၇ - ပြန်သွားခြင်း

...

လူတိုင်း ပင်လယ်အောက်ခြေကနေ

ထွက်လာသည်နှင့် တပြိုင်နက် ပင်လယ်နှင့်

မီတာ ၃၀၀ ကျော်အကွာထိ
တဟုန်ထိုးပျံသန်းလိုက်ကြသည်။
ငရဲပင်လယ်နှင့် မီတာ ၃၀၀
ကျော်အကွာရောက်မှသာ လူတိုင်း ရပ်တန့်ပြီး
ခဏတာ အပန်းဖြေလိုက်လေသည်။

"ဘယ်လောက်တောင်
ကြောက်စရာကောင်းလဲ!" ဝမ်ရန်က
အရင်ဦးဆုံးစကားစလိုက်သည်
"ဒီစုတ်ယူအားက တကယ့်ကို
ကြောက်စရာကောင်းလွန်းတယ်။ တကယ်လို့
မြင့်မြတ်တဲ့ကေရီသာ မကူညီရင် အားလုံး

ပင်လယ်အောက်ကိုထပ်ပြီး နစ်မြုပ်သွားဦးမှာ
သေချာတယ်။"

အခြားလူများက ခေါင်းညိတ်
သဘောတူကြသည်။ လုံ့ရှမ် ပင်လျှင်
ခြွင်းချက်မရှိပေ။

ဤအခိုက်အတန့်တွင် သူသည် ငရဲကေရီ
မည်မျှထိတ်လန့်စရာကောင်းသည်ကို
ကောင်းကောင်းသဘောပေါက်သွားခဲ့သည်။

အကြောင်းအရင်းမှာ အစောပိုင်းက
ငရဲကေရီ၏ တိုက်ခိုက်မှုဖြင့်

ရွှေရောင်နဂါးချိုနှစ်ချောင်းပင်
ပြုတ်တောက်သွားခဲ့သည်လေ။

ထို့အပြင် ငရဲကေရီ၏ အကူအညီဖြင့်
သူတို့အားလုံး စုပ်ယူအားစက်ကွင်းကနေ
လွတ်မြောက်လာသည်မဟုတ်သလော။

ထိုအချက်က ငရဲကေရီ ဟာ
ထင်ထားသည်ထက် များစွာ
ကြောက်စရာကောင်းကြောင်း သူ့စိတ်ထဲ
သတိပြုမိစေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ လည်း အတော်လေး

အံ့သြသွားသည်။ သူ၏အစစ်အမှန်ခွန်အားဖြင့်

ထိုစုပ်ယူအားကို လွတ်မြောက်နိုင်သော်လည်း

ငရဲကေရီ လိုအလွယ်တကူမဖြစ်နိုင်ပေ။

သူမသည်

ချီးမြှောက်ခြင်းနယ်ပယ်မှာသာရှိနေသေး၏။

သို့သော် သံသယပင်မလိုပေ။ ငရဲကေရီက

ဆန်းကြယ်တိုက်ကြီးတွင် သူကြုံတွေ့ဖူးသမျှ

အထူးဆန်းဆုံး ပါရမီရှင်ဖြစ်သည်။

“ကျောက်ခေါင်းတလားအတွင်းမှာရှိတဲ့ လူက အနည်းဆုံးတော့ အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်နိုင်တယ်။ သူက ငါတို့ ဘယ်လိုမှ ယှဉ်နိုင်တဲ့သူမဟုတ်ဘူး။ ဒါကြောင့် ကျောက်ခေါင်းတလားကို ငါတို့နဲ့အတူ ယူသွားဖို့ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ မစ်ရှင်က ခေါင်းတလားကို ပြန်ယူလာဖို့ ငါတို့ကို မတောင်းဆိုခဲ့ပါဘူး။

အခု ခေါင်းတလားထဲက လူတွေရဲ့ နောက်ခံအကြောင်းကို ငါတို့ သိပြီးပြီ။ ဒီလိုဆိုတော့ ငါတို့ရဲ့ ရည်ရွယ်ချက်က ပြီးပြည့်စုံသွားပြီလို့ ယူဆနိုင်တယ်။

ကျန်တာကိုတော့ မြင့်မြတ်ခန်းမတွေက ဖြေရှင်းလိမ့်မယ်။ ပြန်ကြရအောင်!" ငရဲကောရီက အဝေးရှိ ငရဲပင်လယ်ကို ငေးကြည့်နေရင်း ပြောလိုက်သည်။

"အခုကိစ္စအတွက် ကျေးဇူးတင်ပါတယ်!" ထိုအချိန်တွင် လုံရှမ်က လက်နှစ်ဖက်ကိုစုကာ ရှုတ်တရုတ်ပြောလိုက်သည်။

ငရဲကောရီက လုံရှမ်ကို တစ်ချက်ကြည့်လိုက်ပြီး "နင်တို့တွေလည်း ဒီကျောက်ခေါင်းတလား ၉

ခုအတွက် ဒီကိုလာခဲ့တာလို့ ငါထင်တယ်။
ဒါပေမဲ့ အခု နင်တို့အားလုံးရဲ့ ခွန်အားနဲ့
အဲဒီခေါင်းတလားကို ယူဖို့ဆိုတာ
မဖြစ်နိုင်ဘူးလို့ သဘောပေါက်သွားပြီဆိုတာ
သေချာပါတယ်။ ဒါဆို ပြန်သွားလိုက်!"

လုံ့ရှမ်က ခေါင်းညိတ်လိုက်သည်။
"မင်းမှန်တယ်။ ငါတို့က
ဒီကျောက်ခေါင်းတလားတွေကို ယူလို့မရဘူး။
ဒါပေမဲ့…." သူ့စကားကို ရပ်ပြီး ယန်ယဲ့ကို
စိုက်ကြည့်ကာ "သူက မန်းလီကို

သတ်ပစ်လိုက်တယ်။ ဒီကိစ္စကို
လွှတ်ထားလို့မရဘူး!"

“နင် မသေချင်ရင် အခုချက်ချင်း
ထွက်သွားလိုက်ပါ။ မဟုတ်ရင်
ငါထွက်သွားပြီးတာနဲ့ နင်အသက်ရှင်ဖို့
အိပ်မက်ပဲမက်နိုင်တယ်!" ငရဲကေရီက
ရုတ်တရက် အေးစက်စက်ပြောလာသည်။

လုံ့ရှမ်၏ အမူအရာသည် အတော်လေးကို
ဆိုးရွားသွားပါသည်။

သို့သော် ငရဲကေရိက
ဒေါသထွက်နေသောကြောင့်
စကားပြန်မပြောရဲပေ။ လုံ့ရွှမ်က
အသက်ပြင်းပြင်းရှူကာ ယန်ယွဲ့ကို
စူးစိုက်စိုက်ကြည့်ရင်း "ဒီတစ်ခါတော့ သူမ
မျက်နှာကိုထောက်ပြီး လွှတ်ပေးလိုက်မယ်။"
ထိုစကားပြောပြီးတာနဲ့
ကျန်အဖွဲ့သားနှစ်ယောက်နှင့်အတူ
ပျောက်ကွယ်သွားပါတော့သည်။

လုံ့ရှမ် နှင့်အဖွဲ့ ထွက်သွားသည်နှင့် ငရဲကေရီ လည်းစကားစလိုက်၏။ "ငါတို့လည်း သွားရအောင်!"

ထိုအတောအတွင်း ယန်ယွဲ့က ရုတ်တရက် ပြောလိုက်သည်။"ငါလုပ်စရာရှိသေးလို့ ဒီမှာခဏလောက်ကျန်ခဲ့မယ်။ မင်းတို့အားလုံး ရှေ့ကို ဆက်သွားနိုင်တယ်!”

ငရဲကေရီက ယန်ယွဲ့ကို လှည့်ကြည့်လိုက်သည်။ သူမက “နင် သူတို့ကို လွှတ်မပေးနိုင်ဘူးလား"ဟုပါ မေးလိုက်၏။

ဝမ်ယန် နှင့် ချင်းမင် တို့လည်း ငရဲကေရီ၏ စကားကြောင့် အလွန်တုန်လှုပ်သွားကြသည်။ ဤယန်မန်းက လုံရှမ်တို့ သုံးယောက်ကို သတ်နိုင်သည်လား။

ယန်ယွဲ့ သည် အကူအညီမဲ့စွာသာ ရယ်မောလိုက်၏။ “ငါ သူတို့ကို

စိတ်မဝင်စားပါဘူး။ ငါတကယ်
ကိစ္စတစ်ခုသက်သက်ရှိတာပါ။ ပြီးတာနဲ့
ငါမြင့်မြတ်ခန်းမကို ပြန်လာမယ်။"

ငရဲဧကရီက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "ငါနင့်ကို ယုံတယ်။ ငါ
မြင့်မြတ်ခန်းမကို အစီအရင်ခံစာပို့ပြီးတာနဲ့
နင့်ရဲ့အမှတ်ကဒ်ထဲကို အမှတ် ၁၀၀,၀၀၀
လွှဲပေးလိုက်မယ်။" စကားပြောပြီးသည်နှင့်
တပြိုင်နက် ဝမ်ယန်၊ ချင်းမင်တို့နှင့်အတူ
ပျောက်ကွယ်သွားခဲ့သည်။

မီတာရာအနည်းငယ် အကွာအဝေးကို ပျံသန်းလာပြီးနောက် ဝမ်ယန်က ရုတ်တရက် မေးလိုက်သည် "မြင့်မြတ်တဲ့ကေရီ၊ အဲဒီလူယန်မန်းက ဘယ်သူလဲ၊"

"ငါ့ရဲ့ခွန်အားကို အပြည့်သုံးထားရင်တောင် ငါသူ့ကိုမသတ်နိုင်ဘူး!" ငရဲကေရီက ပြောလိုက်ပါသည်။

ဝမ်ယန်နှင့် ချင်းမင်တို့ နှစ်ယောက်လုံး ဤစကားကြောင့် လန့်သွားသည်။

ငရဲကေရီ နှင့် အခြားနှစ်ဦး အမှန်တကယ် ထွက်ခွာသွားကြောင်း သေချာသည်နှင့် ယန်ယဲ့၏ ပုံရိပ်သည် တောက်ပလာပြီး နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

မကြာခင်မှာပဲ ယန်ယဲ့ ဟာ ငရဲပင်လယ်အထက်သို့ရောက်လာခဲ့၏။

ယန်ယဲ့ သည် ငရဲပင်လယ်ကို ငေးကြည့်ရင်း အချိန်အတော်ကြာ တုံ့ဆိုင်းနေပြီး အဆုံးတွင် ပင်လယ်ထဲသို့ ခုန်ဆင်းသွားသည်။

ယန်ယဲ့က သေခြင်းတရားကို
ချစ်မြတ်နိုးသည်မဟုတ်ပေ။
ငရဲပင်လယ်ထဲသို့ ပြန်ဆင်းလာရသည့်
အကြောင်းရင်းမှာ အဓိကအားဖြင့်
ပထမအကြီးကဲလင်းက အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်သွားသောကြောင့်ပင်။
 တစ်နည်းဆိုရသော် ယခု သူ့ဘေးနားတွင်
အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့်
နှင့် သာမန် သူတော်စင်တစ်ပိုင်းအဆင့် ၁
ပါးစီရှိနေသည်။

မှန်ပါသည်။ သူက ငရဲပင်လယ်အောက်ခြေသို့ တမင်တကာထပ်လာခြင်းမဟုတ်ပေ။ သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေး ၉ ခုကို လိုအပ်သောကြောင့်ပင်။

သူ့တွင် ပထမအကြီးကဲလင်း နှင့် ဖိနှိပ်ရေးကျောက်တုံး ရှိနေသောကြောင့် ထိုရုပ်သေး ၉ ခုက ကျောက်ခေါင်းတလားထဲရှိ ဆန်းကြယ်သောလူ ခိုင်းစေနေလျှင်ပင် အလွန်ကြောက်စရာမဟုတ်ပေ။

အမှန်တော့၊ ၎င်းတို့နှင့် မယှဉ်နိုင်လျှင်ပင်
ထွက်ပြေးခြင်းက သူ့အတွက်
ပြဿနာမဟုတ်ပါ။

၎င်းသည် သေချာပေါက်
အန္တရာယ်ရှိသော်လည်း ယန်ယွဲ့ဟာ
သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေးများကို
အဆုံးရှုံးမခံလိုပေ။ သူက အရဲစွန့်ပြီး
စမ်းသပ်ရန် ဆုံးဖြတ်လိုက်၏။

.၉၀၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၀၈ - ညှို့နှိုင်းမယ်

သေချာပေါက် အန္တရာယ်ရှိသော်လည်း ယန်ယွဲ့ဟာ သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေးများကို အဆုံးရှုံးမခံလိုပေ။ သူက အရဲစွန့်ပြီး စမ်းသပ်ရန် ဆုံးဖြတ်လိုက်၏။

သိပ်မကြာခင်မှာပဲ ယန်ယဲ့သည်
ကျောက်ခေါင်းတလား ၉ ခုရှေ့မှာ
ရောက်လာပါသည်။

"မင်းငါ့ကိုတကယ်အံ့ဩသွားပြီသိလား!"
ထိုအချိန်တွင် ကျောက်ခေါင်းတလားထဲမှ
အသံတစ်သံ ထွက်လာလေသည်။

"အပေးအယူလုပ်ရအောင်!" ယန်ယဲ့က
အပိုစကားပြောမနေတော့ဘဲ
လိုရင်းသာတန်းပြောလိုက်သည်။

ဤအခိုက်တွင် သူတော်စင်တစ်ပိုင်းအဆင့်
ရုပ်သေး ၉ ခုက ယန်ယွဲ့၏ အနီးတစ်ဝိုက်တွင်
ပေါ်လာပြီး သူ့ကို ဝိုင်းထားကြသည်။

"မင်းငါ့ကို ညှိနှိုင်းဖို့
အရည်အချင်းပြည့်မီလားဆိုတာ
ကြည့်ရအောင်!" ကျောက်ခေါင်းတလားထဲရှိ
အသံက ဖြည်းညှင်းစွာ ထွက်ပေါ်လာသည်။

ယန်ယဲ့က ညာဘက်လက်ကို ဝှေ့ယမ်းလိုက်ရာ ပထမအကြီးကဲလင်းက သူ့ဘေးမှာ ပေါ်လာသည်။ သူက “ငါ အခု အရည်အချင်းပြည့်မီပြီလား”

"အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေး!" ကျောက်ခေါင်းတလားထဲမှ အသံသည် ထိတ်လန့်တုန်လှုပ်သွားပုံရ၏။

“မင်း ခေါင်းတလားထဲကနေ ထွက်ချင်နေတာ။ ငါက ဒီရုပ်သေးတွေကို လိုချင်တယ်။

ဒါတွေအားလုံးကို ငါ့လက်ထဲ လွှဲပေးပါ။
ပြီးကျရင် သူတို့ကိုသုံးပြီး
ကျောက်ခေါင်းတလားပေါ်က သင်္ကေတတွေနဲ့
အစီအရင်တွေကို ဖယ်ရှားပေးမယ်။ ဒါက
အတော်လေးရိုးရှင်းတဲ့
သဘောတူညီချက်တစ်ခုပဲမဟုတ်လား။
မင်းဘယ်လိုထင်လဲ?" ယန်ယဲ့က
မေးလိုက်သည်။

“၉ ခုလုံးက အရမ်းများတယ်။ ငါ မင်းကို
အနဲဆုံး ၂ ခု ပေးမယ်။”

ကျောက်ခေါင်းတလားထဲရှိ အသံက
ပြောလိုက်သည်။

ယန်ယဲ့က အေးစက်စွာ ရယ်မောလိုက်သည်။
စကားတစ်ခွန်းမှ မပြောဘဲ လှည့်ပြီး
ထွက်သွားသည် ။

“၅ခု၊ ဒါ ငါ မင်းကို ပေးမယ့် အများဆုံး !”
စကားသံက နောက်တစ်ကြိမ် ထပ်၍
ထွက်ပေါ်လာသည်။

ယန်ယဲ့က မရပ်ဘဲ ဆက်လျှောက်သွားရင်း

“အဲဒီရုပ်သေးတွေက ပိုအရေးကြီးသလား၊

ဒါမှမဟုတ် မင်းရဲ့လွတ်လပ်မှုက

ပိုအရေးကြီးသလား။ အဲဒါကို

ကိုယ်တိုင်စဉ်းစားပါ။ မှန်ပါတယ်၊

အဲဒီလူတွေကမြင့်မြတ်ခန်းမတွေဆီ

ပြန်သွားကြပြီ။

ငါထင်တာမမှားရင် သိပ်မကြာခင်မှာ

မြင့်မြတ်ခန်းမရဲ့ထိပ်သီးပညာရှင်တွေ

ရောက်လာမှာသေချာတယ်။ အဲဒီအချိန်မှာ

မင်းက အသက်ရှင်ဖို့တောင်

ပြဿနာဖြစ်လိမ့်မယ်!”

"မင်းအနိုင်ရတယ်!"
ကျောက်ခေါင်းတလားအတွင်းမှ အသံက
မတတ်သာဟန်ဖြင့်
အလျှော့ပေးလိုက်လေသည်။

ယန်ယဲ့ သည် ပါးစပ်ထောင့်မှာ
အပြုံးတစ်ခုပေါ်လာပြီး မလှုပ်မယှက်
ရပ်သွား၏။ သူက သူတော်စင်တစ်ပိုင်းအဆင့်
ရုပ်သေးများဆီသို့ လျှပ်တပြက်ခုန်ဝင်သွားပြီး
"သူတို့ရဲ့အကာအကွယ်ကို လျှော့ပေးထားပါ။"

သို့သော် ထိုရုပ်သေးများသည် ကျောက်ခေါင်းတလားကြီးဆီသို့ နောက်ပြန်လှည့်သွားကာ ကျောက်ခေါင်းအတွင်းမှ အသံက “ကလေး၊ ငါက ဒီလောက်မတုံးအဘူး။ မင်းမှာ ရုပ်သေးတွေ ရှိနိုင်ပေမယ့် ဒီသံကြိုးတွေကို အရင်ဖြတ်ဖို့ ကူညီပေးပါ။ မဟုတ်ရင် မင်းထွက်သွားနိုင်တယ်!"

ယန်ယွဲ့က ခဏလောက် လေးလေးနက်နက် စဉ်းစားပြီး “မင်းရဲ့စိုးရိမ်မှုတွေကို

ငါနားလည်ပါတယ်။ မင်းအတွက်
ငါမေးခွန်းတချို့ရှိတယ်။ မင်းကဘယ်သူလဲ။
ငါပြောချင်တာက၊ မင်းဟာ နယ်ခြားမိစ္ဆာတွေ
ဒါမှမဟုတ် မြင့်မြတ်နယ်မြေ လား"

ကျောက်ခေါင်းတလားထဲမှလူသည်
ခဏတာတိတ်ဆိတ်သွားပြီး "မင်းတို့အားလုံးကို
ငါ မလိမ်ခဲ့ဘူး။ ဒါပေမဲ့ ငါတို့ကိုလည်း
မြင့်မြတ်နယ်မြေရဲ့အစိတ်အပိုင်းလို့
မယူဆနိုင်တော့ဘူး။ ဘာကြောင့်လဲ ဆိုတော့
ငါတို့ရဲ့ခန္ဓာကိုယ်က နယ်ခြားမိစ္ဆာတွေဖြစ်နေပြီ။

ဒါပေမဲ့ စိတ်ဝိညာဉ်ကတော့ ငါတို့ရဲ့စိတ်ဝိညာဉ် တွေပါပဲ !”

"မင်း သူတို့ရဲ့အလောင်းတွေကို သိမ်းပိုက်လိုက်တာပဲ!" ယန်ယဲ့၏အမူအရာသည် အနည်းငယ်ပြောင်းလဲသွားပြီး "မင်းတို့အားလုံးက နယ်ခြားမိစ္ဆာတွေရဲ့ ခန္ဓာကိုယ်ကို တကယ်သိမ်းယူထားတာကိုး။"

အခေါင်းအတွင်းမှလူက “လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀,၀၀၀ လောက်က ဒီကမ္ဘာကြီးမှာ နယ်ခြားမိစ္ဆာတွေ ပေါ်လာခဲ့တယ်။ ဒါပေမယ့် သူတို့က အနိုင်မယူနိုင်လောက်တဲ့ အရာတော့ မဟုတ်ဘူး။

သူတို့မှာ ကြောက်စရာကောင်းတဲ့ အကြောင်းရင်း အစစ်အမှန်က သူတို့ရဲ့ မသေနိုင်တဲ့ခန္ဓာကိုယ်တွေပဲ။ သူတို့ကို မသတ်နိုင်ခဲ့တဲ့အတွက်ကြောင့် ငါတို့ ကမ္ဘာကြီးက လက်တွေ့ကျကျ ပျက်စီးလုနီးနီး ဖြစ်နေပြီ။

သူတို့က ဘာကြောင့် မသေနိုင်ကြတာလဲ။ အဲဒါက အဲဒီအချိန်တုန်းက ပညာရှင်တိုင်း သိချင်နေတဲ့ အရာဖြစ်ခဲ့တယ်။ လူတိုင်းက တကယ်ကို တွေးကြည့်ချင်တဲ့အရာပါ။ အဲဒီနောက်မှာ ငါတို့က ဘာကြောင့်များ ကျင့်ကြံနေကြတာလဲ။ နောက်ဆုံးမှာ မသေနိုင်တဲ့ ထာဝရရှင်သန်သန်ဖို့ပဲမဟုတ်လား။”

ဤစကားအထိ ပြောပြီးသည်နှင့် ခဏရပ်လိုက်ပြီး “သူတော်စင်တစ်ပိုင်းအဆင့်

ဒါမှမဟုတ် သိုင်းသူတော်စင်

နဲ့အထက်ဆင့်တွေတောင် အဆုံးကျရင်

သေရမယ်။ ဒါပေမဲ့ နယ်ခြားမိစ္ဆာတွေကတော့

လုံးဝမသေနိုင်ပုံပဲ။

ဒါကြောင့် ငါတို့က နယ်ခြားမိစ္ဆာ

တစ်ဒါဇင်ကျော်ကို လျှို့ဝှက်ဖမ်းဆီးပြီး

စတင်လေ့လာခဲ့တယ်။ နောက်ဆုံးတော့ အခုထိ

ငါတို့ ဘာမှ ရှာမတွေ့သေးဘူး။ ဒါကြောင့်

သူတို့ရဲ့ခန္ဓာကိုယ်တွေကို အစားထိုးကြိုးညှိဖို့

ဆုံးဖြတ်ခဲ့တယ်!”

"မင်းအောင်မြင်သွားပြီလား!" ယန်ယဲ့က တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

"မဟုတ်ဘူး၊ ငါတို့အစကတည်းက မအောင်မြင်ဘူး!" ခေါင်းတလားအတွင်းမှ အသံက ဆက်လက်၍ “ဘာလို့လဲဆိုတော့ အဲဒီနယ်ခြားမိစ္ဆာတွေရဲ့ ဝိညာဉ်က ငါတို့ထင်ထားတာထက် အများကြီး ပိုကြောက်စရာကောင်းတယ်။

နောက်ပိုင်းမှာ ငါတို့က နည်းလမ်းတစ်ခုကို စဉ်းစားခဲ့တယ်။ အဲဒါက သူတို့ရဲ့

စိတ်ဝိညာဉ်တွေကို အပြင်းအထန်

ဒဏ်ရာရစေမယ့်နည်းလမ်းပဲ။

အဲဒါက နောက်ဆုံးမှာ ငါတို့ အောင်မြင်နိုင်ခဲ့တဲ့

အကြောင်းရင်းပဲ။ အောင်မြင်ပြီး

တကယ်မသေဘူးဆိုတာကို သတိပြုမိပြီးတာနဲ့

လူတိုင်းက မထိန်းချုပ်နိုင်တော့ဘူး။ တခြား

နယ်ခြားမိစ္ဆာတွေရဲ့ ခန္ဓာကိုယ်ကို

အလုအယက်သိမ်းပိုက်ကြတယ်လေ။

ဒါပေမဲ့ နောက်ဆုံးတော့ သူတို့ရဲ့

ခန္ဓာကိုယ်ထဲမှာ အရမ်းကြောက်စရာကောင်းတဲ့

အရာတစ်ခု ရှိနေတာကို သိလိုက်ရတယ်!”

ဤစကားပြောလိုက်တဲ့အခါ ခေါင်းတလားထဲမှ

အသံက တကယ်ကို

တုန်လှုပ်သွားပါတော့သည်။

"အဲဒီ အနက်ရောင်ပိုးကောင်..."

Book.51